မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၈) ၊ အမှတ်(၆) ၊ ၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း ၅ ရက် ၊ ၅-၁၂-၂၀၂၄ ၊ ကြာသပတေးနေ့ ။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ ပကတိအနေစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး ရင်းရင်းနှီးနှီးဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများ

**စာမျက်နှာ ၂၄ သို့ ○**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၄

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက် ၊ ကြာသပတေးနေ့ ။

## စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံအသေးစားကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ခြင်းဆောင်ရွက်လျက်ရှိ

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဆောင်ရွက်မည့်စီမံကိန်းများမှာ စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံအသေးစားကုန်ထုတ်လုပ်ငန်းများမြှင့်တင်ခြင်း စီမံကိန်းဖြင့် တရုတ်နိုင်ငံမှ ပညာရှင်အားဖိတ်ခေါ်ပြီး နည်းပြများကို T0Tသင်တန်းပေးခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ နည်းပြများက ကျေးလက်နှင့် မြို့ပြရှိ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များကို စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ MSME Business Plan Training နှင့် Food Safety Training သင်တန်းများပေးခြင်း၊ စီမံကိန်းစောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းများ (M&E)ပြုလုပ်ခြင်း၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ အသိပညာများ ပိုမိုသိရှိလာစေရေးအတွက် လေ့လာရေးခရီးစေလွှတ်ခြင်းတို့ကို ဆောင်ရွက်သွားဖြစ်သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့်အညီ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ကျေးလက်ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာစေရေးတို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)၏ စီမံကိန်း ၂ ခုဖြစ်သော စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံအသေးစားကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်းနှင့် အသေးစားလုပ်ငန်းများမြှင့်တင်ခြင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့်အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်း စီမံကိန်းတို့ကို ဆောင်ရွက်ခွင့်ရရှိခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်း(၂)ခုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအထိ (၂)နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် စီမံကိန်း (၂)ခု အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး အဆိုပါ စီမံကိန်းများစတင်ခြင်းအခမ်းအနား၌ ပြောကြားခဲ့သည်။

စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်း၊ စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံအသေးစားကုန်ထုတ်လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးနိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် Food Safety ဆိုင်ရာ အသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေခြင်း၊ နိုင်ငံအတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများကို မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံတော်၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးမြို့ Art Centre နှင့် မန္တလေးမြို့ ပုံနှိပ်စက်ရုံတို့အား ကြည့်ရှုစစ်ဆေး



**မန္တလေး ဒီဇင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ Art Centre သို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့် ဆက်လက် ဆောင်ရွက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ယခုဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည့် အခြေခံလိုအပ်ချက်များ ဆက်လက်တည်ဆောက်ရေးကိစ္စများကိုလည်း ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး နေ့လယ်ပိုင်းတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန မန္တလေးပုံနှိပ်စက်ရုံသို့ဝင်ရောက်ပြီး ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်မှု၊ စက်များ ပြုပြင်ကြံ့ခိုင်ရေး ပြုပြင်နေမှု၊ ပစ္စည်းများသိုလှောင်ထားရှိမှုနှင့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ပြီးနောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးနှင့် မန္တလေးမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ခံအရာရှိများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ စစ်ကိုင်းဇုန်နယ်မှူးတို့အား တွေ့ဆုံ၍ လုံခြုံရေးကိစ္စများနှင့်လုပ်ငန်းဆိုင်ရာကိစ္စများ၊ သန့်ရှင်းရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(အောင်ဇော်မင်း)

၀-၀-၀-၀-၀

## ချမ်းအေးသာစံမြို့နယ်တွင် မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ခြင်း ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်ရွေးချယ်ခြင်းကို ယနေ့ နံနက် ၉ နာရီမှစတင်ကာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးအတွက် ယနေ့တွင် မြန်မာစာနှင့် အင်္ဂလိပ်စာ၊ ဒီဇင်ဘာ ၅ရက်တွင် အထွေထွေဗဟုသုတနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို အ·ထ·က(၂)တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၆ရက်တွင် ကိုယ်ကာယကြံ့ခိုင်ရေးစစ်ဆေးခြင်းကို အ·ထ·က (၅)တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရာ Grade -9 တွင် ကျောင်းသား(၁၁)ဦး၊ ကျောင်းသူ(၁၀)ဦး၊ Grade-10တွင် ကျောင်းသား(၈)ဦး၊ ကျောင်းသူ(၁၀)ဦး၊ Grade-11 တွင် ကျောင်းသား (၁၀)ဦး၊ ကျောင်းသူ(၁၁)ဦး၊ Grade-12 တွင် ကျောင်းသား(၄)ဦး၊ ကျောင်းသူ(၄)ဦး ဝင်ရောက်အရွေးချယ်ခံခဲ့ကြပြီး အတန်း တစ်တန်းလျှင် ကျောင်းသား(၁)ဦး၊ ကျောင်းသူ(၁)ဦး မြို့နယ်လူရည်ချွန်အဖြစ် ရွေးချယ်သွားမည်ဖြစ်ကာ လူရည်ချွန်ရွေးချယ်ခြင်းများကို မြို့နယ်ပညာရေးမှူး ဦးကျော်နိုင်သွင်က ဦးစီး၍ ကြီးကြပ်ဆရာ၊ ဆရာမများက ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၇၂)

၀-၀-၀-၀-၀





## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အနေဖြင့် ရိုးရာနှင့်အားကစားပြိုင်ပွဲများကို ဒီဇင်ဘာလ ၁၆ ရက်မှ စတင်ကာ ဒီဇင်ဘာလ ၂၄ ရက်နေ့ အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာ့ရိုးရာကစားနည်းများဖြစ်သည့် လွန်ဆွဲပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများအပါအဝင် ဘော်လီဘောပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ကလေးသူငယ်များအားကစားပြိုင်ပွဲ၊ ကလေးသူငယ်များ(Baby Show)ပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲ စသည့်ပြိုင်ပွဲပေါင်း (၁၂) မျိုးနှင့် စုပေါင်းသွေးလှူဒါန်းပွဲများ ပါဝင်သွားမည်ဖြစ်သည်။

၎င်းပြိုင်ပွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ပြိုင်ပွဲတစ်ခုချင်းစီအလိုက် ဆုရရှိသူများကိုလည်း နှစ်ပတ်လည်အခမ်းအနား ကျင်းပသည့်နေ့တွင် ဆုအသီးသီးချီးမြှင့်ပေးသွားမည်ဟု သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသကြံန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ

နေပြည်တော် ဒီဇင်ဘာ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသကြံန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) တွင် ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသကြံန်ပွဲတော်နှင့် ပတ်သက်သည့် အဆိုပြုစာတွဲ (Nomination File)ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ(Committee of Intangible Cultural Heritage) သို့ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပေးပို့တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံမှ တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသကြံန်ပွဲတော်" အဆိုပြုစာတွဲကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးနှင့်ပတ်သက်၍ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိကျင်းပသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ညီလာခံတွင် ဒီဇင်ဘာ ၅ ရက်၌ တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံမှ တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသကြံန်ပွဲတော်" သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး တရားဝင်ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ပါဝင်နိုင်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း အပါအဝင်မြန်မာနိုင်ငံပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသကြံန်ပွဲတော်" ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသကြံန်ပွဲတော်"ကို ကမ္ဘာက ပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသကြံန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

## အမြင်ချင်းဖလှယ် ဆွေးနွေး


တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိမှုအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) နေပြည်တော် လောကနတ်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

## ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အော်သိုဒေါ့ဘုရားကျောင်းတည်ဆောက်ရေးဆိုင်ရာ နှစ်နိုင်ငံအကြား သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး ကမ်းလှမ်းလာမှုအပေါ် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရိုးရာယဉ်ကျေးမှုများ အပြန်အလှန် လေ့လာဖလှယ်နိုင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

## တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ သက်တမ်းရင့်ရေနံမြေများတွင် ခေတ်မီနည်းပညာများ အသုံးပြု၍ ရေနံအထွက်တိုးရေးလုပ်ငန်းများကို ရုရှားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန်ကိစ္စ၊ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံ၏ အချက်အချာကျမှုကို အသုံးချ၍ LNG တင်သွင်းဖြန့်ဖြူးနိုင်မည့်အလားအလာနှင့် လက်ရှိတည်ဆောက်ပြီး ပိုက်လိုင်းကွန်ရက်အား အသုံးပြု၍ LNG ကုန်သွယ်ရေးဆောင်ရွက်နိုင်မည့်ကိစ္စ၊ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်းကိစ္စ၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံများနှင့် ဓာတ်မြေဩဇာစက်ရုံများ အသစ်တည်ဆောက်ခြင်းနှင့် လက်ရှိစက်ရုံများ အဆင့်မြှင့်တင်မွမ်းမံခြင်း လုပ်ငန်းများတွင် ရုရှားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စ၊ နှစ်နိုင်ငံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ထိရောက်စွာ ဆောင်ရွက်ရေးကိစ္စနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သတင်းစဉ်



# ရတနာပုဏ္ဏ ဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခြင်း အခမ်းအနားကျင်းပ





**မန္တလေး ဒီဇင်ဘာ ၄**

အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထား ကိုးကွယ်အပ်သော ရတနာပုဏ္ဏ ဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ (၂၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူ ပူဇော်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ တွဲဖက် အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြုပြီး ပင့်သံဃာတော် ၄၆ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် သယံဇာတရေးရာဝန်ကြီးဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား ပထမပိုင်းကို စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်တော်တွင် ကျင်းပရာ စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ တွဲဖက် အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်း ဆရာတော်ထံက ငါးပါးသီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



၄င်းနောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စွယ်တော်မြတ်စေတီအား ရည်မှန်း၍ ဆရာတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်ပြီးနောက် စွယ်တော်မြတ်နှင့် မုဒြာကိုးမျိုးဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသင်္ကန်းများ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ကပ်လှူကြသည်။

ဆက်လက်၍ ဆရာတော်ထံက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပထမပိုင်း အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဒုတိယပိုင်းအခမ်းအနား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းကို စွယ်တော်မြတ်စေတီတော် ရင်ပြင်တော်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြုပြီး သံဃာတော် ၄၆ ပါးအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**









# တံတားဦးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများဖြစ်သည့် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

၎င်းနောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းတွင် ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အလှဆုံး ပန်းများပွင့်ကြပြီ သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နိုင်ငံ့အကျိုးအတွက် မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည် Video Clip အား ပြသခဲ့သည်။

ဆက်လက်၍ သယံဇာတရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် စာအုပ်စာစောင်များကို တိုင်းဦးစီးမှူးက ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်ပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ပြီးနောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ကြည်နူးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၄ခုနှစ် ဇွန်လမှစ၍ ဒီဇင်ဘာလအထိ (၁၂)ကြိမ် ကျင်းပသွားမည်ဖြစ်ရာ ယခုအခမ်းအနားသည် ဒသမအကြိမ်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**













# ဆီးချို၊ သွေးချိုရောဂါနှင့် ကျောက်ကပ်ပျက်စီးမှုအန္တရာယ်

ဆီးချို၊ သွေးချိုရောဂါသည် ကမ္ဘာပေါ်ရှိ လူဦးရေ သန်း ၃၅၀ ကျော်ကို ဒုက္ခပေးလျက်ရှိသည်။ အများစုမှာ ယင်းရောဂါနှင့် ဆက်စပ်သည့် အကျိုးဆက်များကို ခံစားရပြီး အရွယ်မတိုင်မီ သေဆုံးကြရသည်။ နှလုံးသွေးကြောရောဂါသည် ကျောက်ကပ်ကို ပျက်စီးစေသည့် ရောဂါများထဲမှ တစ်ခုဖြစ်သော ဆီးချို၊ သွေးချို ရောဂါရှင်များထဲမှ ထက်ဝက်ကို သေဆုံးစေခဲ့သည်။ သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနကလည်း "မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)"ကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

ဆီးချိုရောဂါကြောင့် ကျောက်ကပ်ပျက်စီးနိုင်ပြီး ၄င်းရောဂါကို ဆေးသိပ္ပံနည်းအရ Diabetic nephropathy ဟုခေါ်သည်။ သွေးသကြားဓာတ်ဟုလည်းခေါ်သော သွေးဂလူးကို့စ် မြင့်မားခြင်းသည် ကျောက်ကပ်ရှိ သွေးကြောများကို ပျက်စီးစေနိုင်သည်။ ထိုအခါ ကျောက်ကပ်၏ အဓိကလုပ်ငန်းဖြစ်သော ဆီးစွန့်ရန် အတွက် သွေးထဲမှ အညစ်အကြေးများနှင့် ပိုနေသော ရေ(အရည်) များကို စစ်ထုတ်နိုင်မည် မဟုတ်တော့ပေ။ ကျောက်ကပ်ရောဂါသည် နာကျင်မှုမရှိသကဲ့သို့ အစပိုင်းတွင် ရောဂါလက္ခဏာများ မပြတတ်ပေ။ ကျောက်ကပ်ပျက်စီးခြင်းကလည်း အခြားသော ကျန်းမာရေးပြဿနာများကို ဖြစ်စေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မှတ်တမ်းများအရ ဆီးချို၊ သွေးချို ရောဂါဖြစ်ပွားသေဆုံးမှုသည် နှစ်စဉ် မြင့်မားလျက်ရှိပြီး နှစ်စဉ် ရောဂါနှင့်ဆက်စပ်သေဆုံးသူပေါင်း ၄ ဒသမ ၂ သန်း ကျော်ရှိကြောင်း လေ့လာသိရှိရသည်။ အပြည်ပြည်ဆိုင်ရာ ဆီးချိုအဖွဲ့ချုပ်၏ ၂၀၂၁ ခုနှစ် ထုတ်ပြန်ချက်ကလည်း ကမ္ဘာတစ်ဝန်းတွင် ဆီးချိုဖြစ်ပွားနေသူ ၅၃၇ သန်းရှိ၍ ပျမ်းမျှ လူ ၁၀ ဦးတွင် တစ်ဦးက ဆီးချိုရောဂါဖြစ်ပွားနေကြောင်း၊ ဆီးချို၊ သွေးချိုဖြစ်ပွားနေသူ လူဦးရေ တစ်ဝက်ခန့်သည် မိမိတွင် အဆိုပါရောဂါရှိနေသည်ကို မသိရှိကြကြောင်း ဆိုထားသည်။

**ဆီးချို၏ နောက်ဆက်တွဲ ဆင့်ပွားရောဂါများ**

ဆီးချိုသက်တမ်း ရှည်လာသည်နှင့်အမျှ ကျောက်ကပ်ထိခိုက်လာသည်။ နိုင်ငံတကာတွင်လည်း ကျောက်ကပ်ကို ပျက်စီးစေသော ရောဂါများထဲတွင် ဆီးချိုရောဂါက ထိပ်ဆုံးက ပါဝင်နေသည်။ ကျောက်ကပ် လုံးဝပျက်စီးသည့်အဆင့် မရောက်ခင်မှာပင် ကျောက်ကပ်လုပ်အား ကျဆင်းသောလက္ခဏာများ ဖြစ်ကြသည့် အစားအသောက်ပျက်ခြင်း၊ မောပန်းလွယ်ခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ ဖြူဖပ်ဖြူရော်ဖြစ်ခြင်း၊ ပိန်ချုံးလာခြင်းတို့ကို ဖြစ်ပေါ်ခံစားရသည်။

လေ့လာမှုမှတ်တမ်းများအရ ဆီးချိုသက်တမ်း (၁၅)နှစ်မှ (၂၅) နှစ်အတွင်း ကျောက်ကပ်ပျက်စီးသောလက္ခဏာများကို အမျိုးသမီးများတွင် ပို၍ခံစားရလေ့ရှိကြောင်း၊ ဆီးချိုအမျိုးအစား-၁ တွင် ကျောက်ကပ် လုံးဝမပျက်စီးသူ ၃၀ ရာခိုင်နှုန်းရှိပြီး ဆီးချိုအမျိုးအစား-၂ တွင် ကျောက်ကပ် လုံးဝမပျက်စီးသူ ၂၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်။

ထို့အပြင် ရေရှည်မှာဖြစ်လာနိုင်သည့် နောက်ဆက်တွဲဆင့်ပွားပြဿနာများအနေဖြင့် သွေးကြောငယ်လေးများထိခြင်း၊ သွေးကြောကြီးများထိခြင်း၊ ကိုယ်အဖျားပိုင်းရှိ အာရုံကြောများထိခြင်း၊ ကိုယ်အဖျားပိုင်းရှိ သွေးကြောများထိခြင်း၊ အရေပြားထိခြင်း စသည်တို့ ဖြစ်တတ်သည်။ သွေးကြောငယ်လေးများ (ဆံချည်မျှင်သွေးကြောများ)ထိလျှင် မျက်စိမှုန်ခြင်း၊ မျက်စိကွယ်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း ဖြစ်နိုင်သည်။ သွေးကြောကြီးများထိလျှင် နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်းမှစကာ အင်ဂျိုင်းနား (ခေါ်)ရင်ဘတ်အောင့်ခြင်း၊ နှလုံးတိုက်ခတ်ခံရခြင်း(နှလုံးလေသင်တုန်းရိုက်ခြင်း)၊ ဦးနှောက်ရှိ သွေးကြောထိပြီး လေဖြတ်ခြင်းများလည်း ခံစားရနိုင်သည်။ ထို့အပြင် ခြေထောက်သို့သွားသော သွေးလွှတ်ကြောများ ကျဉ်းခြင်း၊ ပိတ်ခြင်း ဖြစ်နိုင်သည်။ အမျိုးသားများတွင် ပန်းသေပန်းညှိုး ဖြစ်တတ်သည်။ အကယ်၍ ဆီးချိုနောက်ဆက်တွဲအဖြစ် သွေးထဲအချိုဓာတ်များကာ အရေပြားထိလျှင် ပြည်တည်နာဖြစ်ပြီးနောက် အခြေအနေဆိုးရွားချိန်မှာ အနာပဆုပ်ထိ ဖြစ်နိုင်သည်။

**ကျောက်ကပ်ပျက်စီးမှု ကာကွယ်ရန်နည်းလမ်းများ**

ဆီးချို၊ သွေးချို ဝေဒနာရှင်များတွင် ကျောက်ကပ်ပျက်စီးရခြင်း အကြောင်းအရင်းများမှာ သွေးချိုဓာတ်နှင့် သွေးပေါင်ချိန်




မထိန်းနိုင်ခြင်း၊ အဝလွန်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့် ဖြစ်သည်။ အဆိုပါဝေဒနာရှင်များအတွက် ကျောက်ကပ်ပျက်စီးမှု ကာကွယ်ရန် နည်းလမ်းကောင်းတချို့ ရှိပါသည်။ ၄င်းတို့မှာ -

* သွေးချိုဓာတ်ကို သတ်မှတ်ပမာဏအတွင်း အမြဲရှိစေရန် ဂရုစိုက်ထိန်းသိမ်းပါ။
* သုံးလ ဆီးချိုညွှန်းကိန်း (HbA1C) ကိုလည်း ပုံမှန်ဖြစ်အောင် ထိန်းသိမ်းပါ။
* သွေးပေါင်ချိန် ပုံမှန်ရှိရန် ဂရုပြုနေထိုင်ပါ။
* သွေးတွင်း အဆီဓာတ်ကိုလည်း ပုံမှန်ထိန်းသိမ်းပါ။
* ၄င်းရောဂါ ဖြစ်နေသည်ကို သိချိန်ကစ၍ ပြည့်ဝဆီများ၊ ဆီကြော်များ ရှောင်ပါ။
* ဆေးလိပ်မသောက်ပါနှင့်။
* ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်ပါ။ လမ်းလျှောက်ပါ။

**ကျောက်ကပ်ပျက်စီးနေသူများအတွက် အထူးရှောင်ရှားရမည့် အစားအစာများ**

ဆီးချို၊ သွေးချိုရောဂါကို ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်း နှစ်မျိုးစလုံး၌ အရေးပါလျက်ရှိရာ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးမှုသည် အဓိကကျသည်။ (က)အသားစား မကျူးပါနှင့်။ အထူးသဖြင့် အမဲ၊ သိုး၊ ဆိတ်၊ ကြက်ဆင်စသည့် အနီရောင်အသားများနှင့် ပင်လယ်ငါး၊ ပုစွန်ထဲတွင်ပါရှိသော Phosphorus(ခေါ်) မီးစုန်းဓာတ်က ကျောက်ကပ်ကို လုံးဝ ကောင်းကျိုးမပြုနိုင်ပေ။ (ခ)အရက်အလွန်အကျွံ မသောက်ပါနှင့်။ အရက်ထဲမှာပါသော အယ်လ်ကိုဟောလ်က အသည်းရောဂါကြောင့် ကျောက်ကပ်ကို သွယ်ဝိုက်သောနည်းဖြင့် ပျက်စီးစေသည်။ (ဂ)ရှားစောင်းလက်ပပ်ပင်အနှစ်(ဂျယ်လီ)က ကျန်းမာရေးအတွက် ဘက်စုံ ကောင်းကျိုးပြုသော်လည်း၊ ၄င်းဂျယ်လီကို တစ်ရက်လျှင် ၂၀ စီစီ ပမာဏထက် ပိုစားမိပါက ကျောက်ကပ်ပျက်စီးစေနိုင်သည်။ (ဃ)ဟင်းနုနယ်ထဲတွင် Oxalates ဓာတ်ပါရှိသဖြင့် ကျောက်ကပ်ဝေဒနာသည်များ အလွန်အကျွံ မစားသင့်ပေ။ (င)Oxalates ဓာတ်ကြွယ်ဝသော ဗိုလ်စားပဲသီး၊ ပိန်းဥ၊ ပိန်းရိုး၊ ဟင်းနုနယ်ရွက်တို့က ဆီးကျောက်တည်စေနိုင်၍ သင့်တင့်ရုံသာ စားပေးပါ။ (စ)အစားအစာတွေကို တာရှည်ခံအောင် ပြုပြင်ထားသော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ စည်သွတ်ဘူးများ၊ ကြက်အူချောင်း၊ ဝက်အူချောင်းများ၊ ထုံချိုင်းအသားလုံးများ၊ အသင့်စား ခေါက်ဆွဲထုပ်(သို့မဟုတ်) ကြာဆံခြောက်အထုပ်များ စသည်တို့က အသည်းနှင့် ကျောက်ကပ်ကို အဆိပ်အတောက် ဖြစ်စေနိုင်သောကြောင့် ရံဖန်ရံခါသာ စားသုံးသင့်သည်။ (ဆ)သဘာဝသစ်သီးဖျော်ရည်မဟုတ်သော အချိုရည်အမျိုးမျိုးနှင့် ဆိုဒါတို့တွင် တာရှည်ခံအောင်၊ အနံ့ကောင်းအောင်နှင့် အရသာရှိအောင် ဓာတုပစ္စည်းများသုံး၍ ပြုပြင်ထားသဖြင့် အာဟာရလုံးဝမဖြစ်စေဘဲ ကျောက်ကပ်ကိုပါ ထိခိုက်စေသည်။ (ဇ)ထို့နည်းတူ ကာဗွန်ဒိုင်အောက်ဆိုဒ် ဂက်စ်ထည့်ထားသည့် အဖျော်ယမကာများကလည်း ကျောက်ကပ်ထဲရှိ သွေးကြောများကို ပျက်စီးခြင်း၊ ကျောက်တည်ခြင်း စသည့် ဆိုးကျိုးများဖြစ်စေနိုင်သည်။ (ဈ)ကဖိန်းဓာတ်များသော ကော်ဖီနှင့် လက်ဖက်ရည်များကို အလွန်အကျွံသောက်ခြင်းက ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်စီးဆင်းမှု လှုံ့ဆော်ပေးသောကြောင့် သွေးဖိအားများလာပြီး ကျောက်ကပ်ကို ဖိအားဖြစ်စေသည်။

**ကျောက်ကပ်ကို ကောင်းကျိုးပြုသော အစားအစာများ**

(က)ကြက်ဥ၊ ဘဲဥ အကာ(အဖြူရောင်အကာ)ထဲတွင် ပါရှိသော အမိုင်နိုအက်စစ်က ကျောက်ကပ်ကိုကျန်းမာစေသည်။ (ခ)ဂေါ်ဖီထုပ်ထဲတွင် ပိုတက်စီယမ်ပါဝင်မှု လွန်စွာနည်းပါးသည့်အပြင် ၄င်းထဲရှိ သဘာဝ ဗီတာမင်များနှင့် အမျှင်ဓာတ်တို့က ကျောက်ကပ်အတွက် အားဆေးဖြစ်သည်။ (ဂ)လူတို့တွင် မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့ခြင်းက သွေးတိုးရောဂါဖြစ်စေပြီး ကျောက်ကပ်ကို သွယ်ဝိုက်သောနည်းဖြင့် ဘေးဖြစ်စေသည်။ ထို့ကြောင့် မဂ္ဂနီစီယမ်ဓာတ် ကြွယ်ဝသည့် အစားအစာများဖြစ်ကြသော အခွံမာသီး အစေ့အဆန်များ၊ မြေထောက်ပဲများနှင့် ကိုက်လန်၊ ပန်းဂေါ်ဖီစိမ်း(ဘရိုကိုလီ)ကဲ့သို့ ဟင်းရွက်စိမ်းများကို လုံလောက်စွာ စားပေးပါ။ (ဃ)အစိမ်းရောင် ငရုတ်ချိုပွထဲမှာ ပိုတက်စီယမ်ဓာတ်ပါဝင်မှု နည်းပါးသည့်အပြင် ၄င်းထဲရှိ သဘာဝဗီတာမင်နှင့် သတ္တုဓာတ်တို့က ကျောက်ကပ်ကို သန့်စင်ပေးနိုင်သည့် အစွမ်းများဖြစ်ကြသည်။ (င) စပျစ်သီးက ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော ယူရစ်အက်စစ်များကို ဆီးအဖြစ် ထွက်ရှိလာအောင် တွန်းအားပေးသောကြောင့် ဆီးရှင်စေကာ ကျောက်ကပ်ကျန်းမာစေသည့်အပြင် ခန္ဓာကိုယ်တွင်း အဆိပ်များကို အရှိန်အဟုန်မြင့် သုတ်သင်ရှင်းလင်းနိုင်သည့် ဇီဝဖြစ်စဉ်ကို တိုးမြှင့်ပေးနိုင်၍ ကျောက်ကပ်နှင့် သည်းခြေကိုသန့်စင်စေသည်။ (စ)ဘယ်ရီသီးမျိုးနွယ်ဝင်များဖြစ်ကြသော စတော်ဘယ်ရီနှင့် Cranberries (ခေါ်) အချဉ်အရသာရှိ ဘယ်ရီသီးအနီရောင်ထဲမှာ ပါရှိသော Hippuric အက်စစ်က ခန္ဓာကိုယ်ထဲရှိ ဆီးအဆိပ်အတောက်ကို ဖယ်ရှားပေးနိုင်သည်။ (ဆ)ကြိတ်မှန်ရွက် ပဥ္စငါးပါး (အမြစ်ပါမကျန် တစ်ပင်လုံး)ကို ရေစင်စင်ဆေး အခြောက်လှန်း၊ သွပ်ပြားပေါ်တင် ပြာချ၍၊ ၄င်းပြာကို သံဒယ်အိုးမှာထည့်၊ ရေနှင့်ဖျော်ပြီး ခန်းခြောက်သွားအောင် အပူပေးချက်ခြင်းဖြင့် ရလာသော ဆေးကို "ကြိတ်မှန်ရွက် ရက္ခမှုဆား" ဟု ခေါ်သည်။ ၄င်းဆေးကို ထမင်းမစားခင် ဆီးကင်းခန့် နေ့စဉ် အချိန်မှန်မှန်စားပါ။ (ဇ)နာနတ်သီးကို ပန်းသီး(သို့မဟုတ်)ဖရဲသီးတို့ဖြင့် တွဲဖက်စားပေးပါက ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော အငန်ဓာတ်များကို ဖယ်ရှားပေးကာ ကျောက်ကပ်နှင့် သည်းခြေတို့ကို အားဖြစ်စေသည်။ ထို့အပြင် အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သောကြောင့် ကျောက်ကပ်သန့်စင်စေသည်။ (ဈ)မြင်းခွာရွက်ကို နေ့စဉ်မှန်မှန် စားပေးခြင်းဖြင့် ကျောက်ကပ်နှင့်ပတ်သက်သော ဆီးဝေဒနာအမျိုးမျိုးမှ ကြိုတင်ကာကွယ်ရာရောက်သည်။

အချုပ်ဆိုသော် ဆီးချို၊ သွေးချိုရောဂါသည် ကျောက်ကပ်ပျက်စီးမှုကို အဓိကဖြစ်ပေါ်စေပြီး ထိခိုက်ဒဏ်ရာရခြင်းကြောင့်မဟုတ်ဘဲ ခြေထောက်ဖြတ်ခံရနိုင်ခြေမှာ ၁၅ ဆ မှ အဆပေါင်း ၄၀ အထိ ပိုများနိုင်သည့် ရောဂါမျိုးဖြစ်ကြောင်း ဆေးပညာရှင်များက မှတ်ချက်ပြုထားသဖြင့် အထူးသတိထားရမည့် ရောဂါဖြစ်သည်။ ကံကောင်းသောအချက်မှာ ဆီးထဲရှိ မိုက်ခရိုအယ်ဘူမင် (Micro Albumin)ကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် စစ်ဆေးခြင်းဖြင့် ကျောက်ကပ်ပျက်စီးမှုကို စောစီးစွာ သိရှိနိုင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ဆီးချို၊ သွေးချိုရောဂါကြောင့် ကျောက်ကပ် ပျက်စီးခြင်းသည် နာတာရှည်ရောဂါဖြစ်၍ ဘဝတစ်လျှောက် ဆေးဝါးများ စွဲမြဲစွာ သောက်ရခြင်း၊ ကုသမှုခံယူရခြင်းကြောင့် လူမှုစီးပွားရေးဘဝအပေါ် များစွာရိုက်ခတ်လျက်ရှိသဖြင့် ပျမ်းမျှအသက် ၄၅ နှစ်ကျော်ပါက မိမိတွင် ဆီးချို၊ သွေးချို ရှိ၊ မရှိ အစစ်ဆေးခံသင့်ပါသည်။ အကယ်၍ ဆီးချို စတင်ဖြစ်နေကြောင်း သိရပါက ကျောက်ကပ်ကို ကာကွယ်ရန်အတွက် ဆီးထဲရှိ မိုက်ခရိုအယ်ဘူမင်ကို နှစ်စဉ် မှန်မှန်စစ်ဆေးကာ အထက်တွင် ရေးသားဖော်ပြထားသည့် ရှောင်ရန်၊ ဆောင်ရန် အစားအသောက်များအတွက် လိုက်နာရန် လိုအပ်သည်။ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊ ရေဆာလျှင် ရေကိုသာ သောက်သုံးခြင်း၊ စိတ်သောကများကို တတ်နိုင်သမျှ လျှော့ကျအောင် ကြိုးစားနေထိုင်ခြင်းဖြင့် ဆီးချို၊ သွေးချိုရောဂါကို ဘက်ပေါင်းစုံမှ ကာကွယ်ရန် လိုအပ်ပါကြောင်းနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် ကိုယ်တိုင်ဂရုပြု စောင့်ရှောက်ကာကွယ်ခြင်းဖြင့် သက်ရှည်ကျန်းမာစေချင်ပါသည်။

စေတနာများစွာ

**တင်ထက်ထက်ဇော်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## အလုနတ်ဘုရားမ Han Ga In ဝမ်းနည်းစရာမိသားစုဘဝနှင့်ကြုံခဲ့ရ

အလှနတ်ဘုရားမအဖြစ် သတ်မှတ်ခံရသည့် ဟန်ဂါအင်းသည် ဆောင်းပေါကိုတို့နှင့် ခေတ်ပြိုင် အနုပညာလောကသို့ ဝင်ရောက်ခဲ့ပြီး ဝမ်းနည်းစရာမိသားစုဘဝနှင့် ကြုံခဲ့ရသူဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟန်ဂါအင်းသည် ၁၉၈၂ခုနှစ်ဖွားဖြစ်ပြီး အသက် ၁၇နှစ်တွင် အထက်တန်းကျောင်းတက်နေစဉ် ကေဘီအက်စ်တီဗီရှိုး The Golden Bell Challenge တွင် ပါဝင်ခဲ့ပြီး ချောမောလှပ၍ ကုမ္ပဏီများ အပြိုင်ကမ်းလှမ်းခံခဲ့ရသည်။

ဟန်ဂါအင်း၏အမည်ရင်းမှာ ကင်ဟွမ်ဂျူဖြစ်ပြီး ငယ်စဉ်ကပင် ဖခင်စွန့်ပစ်၍ အနိုင်ကျင့်သောအမေနှင့် ကြီးပြင်းလာခဲ့ရကာ အသက်ကြီးသည်ထိ ဒဏ်ခံခဲ့ရပြီး အစ်မလက်ထပ်၍ လေးလကြာမှ ၂၃နှစ်နှင့် သရုပ်ဆောင်ယွန်ကျောင်ဟွန်းနှင့် လက်ထပ်ခဲ့သည်။

သူ၏အိမ်မက်ထဲမှစ်ပြခင်ပွန်းကိုရရှိခဲ့ပြီး နွေးထွေးသောမိသားစုကိုပါ ပိုင်ဆိုင်ခွင့်ရခဲ့၍ အိမ်ထောင်တာဝန် ကျေပွန်သောသူအဖြစ် အနုပညာရှင်ဘဝကို အောင်မြင်ချိန်တွင်ပင် စွန့်လွှတ်ခဲ့သည်။

**SKY**

## Gangnam B Side ကို အမျိုးသမီးဒါရိုက်တာ ရိုက်ကူးထား

အက်ရှင်ဒရမ်မာကား Gangnam B side ကို ကြမ်းတမ်းသည့်သရုပ်ဆောင်မှုများနှင့် အသက်ငယ်သေးသည့် အမျိုးသမီးဒါရိုက်တာ ပတ်နူရီက ရိုက်ကူးထား၍ ပရိသတ်စိတ်ဝင်စားမှုမြင့်မားခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် မင်းသားနှစ်လက်ဖြစ်သည့် ဂျီဂူဂျင်နှင့် ဂျီချန်ဝုဒ်တို့ အဓိကပါဝင်ထားပြီး အက်ရှင်ဒရမ်မာဇာတ်ကားဖြစ်ကာ အမျိုးသမီးဒါရိုက်တာက ရိုက်ကူးထားသည်။



ယင်းဇာတ်ကားအတွက် ဂျီဂူဂျင်က ပိန်ပါးသောခန္ဓာကိုယ်ကို ၁၈ကီလိုတက်အောင် ပြုလုပ်ထားပြီး ဇာတ်ရုပ်ပီပြင်ခဲ့ကာ ဂျီချန်ဝုဒ်၏ အက်ရှင်ခန်းများလည်း သွေးအလိမ်းလိမ်းနှင့် ဆွဲဆောင်အားပြင်းခဲ့သည်။

အပိုင်းရှစ်ပိုင်းပါဝင်ပြီး ဒစ်စနေပလပ်စ်မှ အပတ်စဉ်ထုတ်လွှင့်ပြသခဲ့ရာ ပရိသတ်က အသက်ငယ်ငယ်နှင့် အမျိုးသမီးဒါရိုက်တာ ရိုက်ကူးထား၍ စိတ်ဝင်တစားအားပေးထားကြသည်။

**SKY**

## အဲဖရိုင်ယာများကိုအသုံးပြုခြင်းဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို လျှော့ချနိုင်




မီးဖိုချောင်အတွင်းအစားအစာများကို ဆီဖြင့်ကြော်လှော် ချက်ပြုတ်လျှင် အနံ့အသက်အိုးအငွေ့များက အိမ်တွင်းလေထုကို အနည်းနှင့်အများ ညစ်ညမ်းစေတတ်သည်။

သို့ရာတွင် ဆီမသုံးဘဲ လေ၏ဖိအားဖြင့် ကြော်လှော်နိုင်သော အဲဖရိုင်ယာများကိုအသုံးပြုခြင်းဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ဘာမင်ဂမ်တက္ကသိုလ်မှ ပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အဆိုပါတက္ကသိုလ် ပထဝီမြေပြင်နှင့် ပတ်ဝန်းကျင်သိပ္ပံပညာရပ်များဌာနမှ ပါမောက္ခခရစ်စယန်ဖရန်းဦးဆောင်သော ပညာရှင်များသည် အဲဖရိုင်ယာအမျိုးမျိုးနှင့် သမားရိုးကျဒယ်အိုးအမျိုးမျိုးတို့အကြား လေထုညစ်ညမ်းမှုကွာခြားပုံကို နှိုင်းယှဉ်လေ့လာခဲ့ရာမှ အဲဖရိုင်ယာများသည် အိမ်တွင်းလေထုညစ်ညမ်းမှုကို ၉၉ရာခိုင်နှုန်း လျှော့ကျစေနိုင်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

**SCI**

## အမေရိကန်ဂီတအနုပညာရှင် D4VD က BTS နှင့် ဂီတပူးပေါင်း ဖျော်ဖြေချင်ကြောင်းပြော



အမေရိကန် အဆိုတော်၊ တေးရေးအနုပညာရှင်ဒီဖိုးဗီဒီက သူ၏အကြိုက်ဆုံးအဆိုတော်ကို ပြောကြားခဲ့ပြီး ဘီတီအက်စ်အဖွဲ့ဝင်နှင့် ဂီတပူပေါင်းဖျော်ဖြေတင်ဆက်လိုကြောင်း ရန်အမ်တီစီရေဒီယို အင်တာဗျူးတွင် ပြောကြားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အင်တာဗျူးတွင် ဒီဖိုးဗီဒီက ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်းနှင့် အာရ်အန်ကိုချစ်ခဲ့ပြီး ဗွီကိုအကြိုက်ဆုံးဖြစ်သည်ဟုဆိုသည်။

ဒီဖိုးဗီဒီ၏သီချင်းတစ်ပုဒ်ဖြစ်သည့် Here With Me ကို မနှစ်က ဗွီကပြန်လည်သီဆိုထားပြီး ဗွီ၏သီချင်းနှင့်အသံကို သဘောကျ၍ အတူဂီတပူးပေါင်းဖျော်ဖြေရန် ဆိုးလ်မြို့သို့ လာခဲ့မည်ဟုလည်း ပြောကြားထားသည်။

ထပ်ဆင့်၍ မကြာခင်တွေ့ရန် မျှော်လင့်ထားပြီး သင်တန်းတက်နေသောဗွီနှင့် အချိန်ဇယားညှိနှိုင်းရန်စီစဉ်နေသည်ဟု ထပ်မံပြောကြားသွားသည်။

**SKY**

## Wang Yi Bo က ၂၉ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်း ကွန်ဖရန့် (Cop29) တွင် ပါဝင်

(၂၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်း ကွန်ဖရန့်အစည်းအဝေးကြီး(Cop29) တွင် Youth Action World Future ပွဲ၌ တရုတ်လူငယ်များ၏ ကိုယ်စားလှယ်အဖြစ် ဝမ်ရိဘိုကပါဝင်ဆောင်ရွက်သွားမည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကွန်ဖရန့်တွင် ဝမ်ရိဘိုက Promotional Video နှင့် ပိုစတာများဖြင့် ကမ္ဘာကြီးဆီသို့ တရုတ်လူငယ်များ၏အသံကို ဖော်ထုတ်သိရှိစေမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ရာသီဥတု ပြောင်းလဲခြင်းကိုရင်ဆိုင်ရန် ခိုင်မာသည့် ဆုံးဖြတ်ချက်များကို ဖော်ထုတ်တင်ပြပေးသွားမည်ဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုယ်တိုင်က တင်ပေးထားသည်။



ဝမ်ရိဘိုသည် လူငယ်စံပြ၊ လှော့ရန်၏ဂုဏ်ဆောင် ဟဲနန်၏ဂုဏ်ဆောင်မှသည် နိုင်ငံ့ဂုဏ်ဆောင်အဖြစ် လူငယ်အားလုံးကိုယ်စားပြု UN Climate Change တွင်ပါဝင်ခွင့်ရခဲ့ပြီး မကြာမီ တရုတ်နိုင်ငံ၏ အမြင့်ဆုံး ဆုပေးပွဲကြီးတွင် အသက်အငယ်ဆုံး ဆန်ခါတင်ဆုရှင်အဖြစ် ပါဝင်ထားကာ အနုပညာဂုဏ်ဆောင်ဦးမည် ဖြစ်သည်။

**SKY**

## RedVelvet မှ Seulgi ကို SM မှ YG သို့ ပြောင်းရွှေ့စေချင်ကြ

ကေပေါပ့်အမျိုးသမီးအဖွဲ့ ရက်ဒ်ဗဲလင့်အဖွဲ့ဝင် ဆောဂီ၏ အသွင်အပြင်သည် စွဲမက်ဖွယ်ကောင်း၍ အက်စ်အမ်အင်တာတိန်းမင့်တွင် နေရာမရသဖြင့် ဝိုင်ဂျီသို့ ပရိသတ်များက ပြောင်းရွှေ့စေချင်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အက်စ်အမ်အင်တာတိန်းမင့်သည် မိန်းမဆန်စွာချောမောသူများကိုသာ ဦးစားပေးသဖြင့် အားပြင်းသောဆောဂီအလှမှာ တိမ်မြုပ်ခဲ့ရ၍ ဝိုင်ဂျီအင်တာတိန်းမင့်သို့ ပရိသတ်များက ပြောင်းစေချင်ကြသည်။

ဘလက်ခ်ပင့်မှဂျီဆိုမှာ အက်စ်အမ်မှ ဝိုင်ဂျီအင်တာတိန်းမင့်သို့ ပြောင်းရွှေ့ခဲ့ရာ သူ၏အလှမှာ အက်စ်အန်နှင့်သာ လိုက်ဖက်မှုရှိပြီး ပိုမိုတောက်ပလာနိုင်သည်ဟု ဆိုကြသော်လည်း ဂျီဆိုမှာ ဝိုင်ဂျီတွင်လည်း တောက်ပသောကြယ်တစ်ပွင့်အဖြစ် တွေ့ကြရသည်။

**SKY**







## Mickey 17 ရုံတင်ပြသရက် တတိယအကြိမ် နောက်ဆုတ်ထား

အော်စကာဆုရ တောင်ကိုရီးယားဒါရိုက်တာ ဘွန်ဂျွန်ဟို ရိုက်ကူးထားပြီး ရောဘတ်ပါတင်ဆန် အဓိကပါဝင်ထားသည့် Mickey 17 သည် ရုံတင်ပြသရက် တတိယအကြိမ်နောက်ဆုတ်ခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဝါနာဘရိုမှ တာဝန်ယူဖြန့်ချိ၍ စာရေးဆရာအက်ဝေါ့သ်အက်စတန်၏ဝတ္ထုကို အခြေခံထားသည့် အဆိုပါရုပ်ရှင်သည် ပထမအကြိမ် ၂၀၂၄ခုနှစ် မတ် ၂၉ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားပြီး ရိုက်ကူးရေးမပြီးသေး၍ နောက်ဆုတ်ခဲ့ကာ ဒုတိယအကြိမ် ၂၀၂၅ခုနှစ် ဇန်နဝါရီ ၃၁ရက်ကို ရွှေ့ဆိုင်းခဲ့ရာမှ တတိယအကြိမ် ၂၀၂၅ခုနှစ် ဧပြီ ၁၈ရက်အထိ ထပ်မံ၍ နောက်ဆုတ်ထားသည်။

ဒါရိုက်တာဘွန်ဂျွန်ဟိုသည် Parasite နှင့် အော်စကာဆုရရှိထားသူဖြစ်ပြီး Mickey 17 တွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ အထိ ဘတ်ဂျက်အသုံးပြုထားကာ လူအများအပြား၏ စိတ်ခံစားချက်ကို ထုတ်ဖော်ပြသမည့် ရုပ်ရှင်ဖြစ်သည်။

**SKY**

## တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် နုတ်ထွက်ရန် အတိုက်အခံနိုင်ငံရေးအင်အားစုများ ပူးပေါင်းဖိအားပေး

**ဆိုးလ် ဒီဇင်ဘာ ၄**

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ရာထူးမှ နုတ်ထွက်ပေးရန် အတိုက်အခံနိုင်ငံရေးအင်အားစုများ ပူးပေါင်းဖိအားပေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




၎င်းကို မလိုလားသူများ ဆိုးလ်မြို့တော်၌ လမ်းပေါ်ထွက်ပြီး စုဝေးတောင်းဆိုဆန္ဒပြခဲ့သည်ကို ထိန်းချုပ်ရန် ဒီဇင်ဘာ ၃ ရက်က စစ်ဥပဒေထုတ်ပြန်ကြေညာခဲ့သည်။

အတိုက်အခံ နိုင်ငံရေးအင်အားစုများက ပြင်းထန်စွာ ဝေဖန်ကန့်ကွက်ကြသဖြင့် အဆိုပါ ကြေညာချက်ကို နေ့ချင်းပြန်လည် ရုပ်သိမ်းခဲ့သည်။

မည်သို့ပင်ဖြစ်စေ စစ်ဥပဒေ ကြေညာလိုက်ခြင်းသည် သမ္မတက မိမိရရှိထားသော အခွင့်အာဏာကို ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ရာရောက်ခဲ့ကြောင်း အတိုက်အခံနိုင်ငံရေးအင်အားစုဝင်အချို့က ထောက်ပြသည်။

ထို့နောက် ဒီဇင်ဘာ ၄ ရက်တွင် ပါလီမန်ရှိ ဥပဒေပြုအမတ်များက သမ္မတကို ပြစ်တင်စွဲဆိုခြင်းဥပဒေကြမ်းတင်သွင်းလိုက်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



အယုံအကြည်မရှိ အဆိုတင်သွင်းခံရမည့် ဝန်ကြီးချုပ် မီရှဲလ်ဘာနီယာ ပြင်သစ်ပါလီမန်တွင် ယမန်နေ့က ရှင်းလင်းပြောကြားနေစဉ်။ **Mon**



## အသက် ၄၆ နှစ်အရွယ် ဒုတိယသမ္မတ ဆာရာဒူတာတေ ဒုတိယအကြိမ် ပြစ်တင်စွပ်စွဲမှုနှင့် ထပ်မံရင်ဆိုင်နေရ

**မနီလာ ဒီဇင်ဘာ ၄**

အသက် ၄၆ နှစ်အရွယ် ဖိလစ်ပိုင် ဒုတိယသမ္မတ ဆာရာဒူတာတေ အနေဖြင့် ဒုတိယအကြိမ် ပြစ်တင်စွပ်စွဲမှုနှင့် ထပ်မံရင်ဆိုင်နေရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းသည် အစိုးရရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ သန်းနှင့်ညီမျှသော ပေဆို ၆၁၂ ဒသမ ၅ သန်းကို အလွဲသုံးစားလုပ်ခဲ့သည်ဟု စွပ်စွဲခံနေရသည်။

ယင်းစွပ်စွဲမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့၏ စစ်ဆေးမှုကိုလည်း ဆာရာဒူတာတေ ခံရဖွယ်ရှိနေကြောင်း သိရသည်။ **Mon**

## ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်အတွင်း ရေကြီးမှုကြောင့် လူသေဆုံးမှုပမာဏ ၂၉ ဦး ရှိလာ

**ဘန်ကောက် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်အတွင်း မိုးသည်းထန်ရေကြီးမှုကြောင့် လူသေဆုံးမှုပမာဏ ၂၉ ဦးအထိ ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းပြီးနောက် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပတ်တာနီ၊ ဆောင်ခလာ၊ နခွန်ဆီသမ်ရတ်နှင့် ဖတ်သာလန်းပြည်နယ်များတွင်လည်း ရေကြီးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးမှုကြောင့် ဒေသခံပေါင်း ၃၃၀၀၀ ဦးကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း ထိုင်းလူထုကျန်းမာရေးဝန်ကြီးဌာန ပြောခွင့်ရသူက ဆိုသည်။

တောင်တရုတ်ပင်လယ်မှ ထိုင်းနိုင်ငံဘက်သို့ ဆက်လက်ဦးတည်ရွေ့လျားတိုက်ခတ်လာသော မုန်တိုင်းကြောင့် ဒီဇင်ဘာ ၄ ရက်အထိ ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းဦးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀





## နာမည်ကျော် တရုတ်အချစ်ဝတ္ထုရေးဆရာမ ချီအွန်းယော် အသက် ၈၆ နှစ်အရွယ်တွင် တိုင်ပေမြို့သစ်၌ ကွယ်လွန်

**ပေကျင်း ဒီဇင်ဘာ ၄**

နာမည်ကျော် တရုတ်အချစ်ဝတ္ထုရေးဆရာမ ချီအွန်းယော်သည် အသက် ၈၆ နှစ်အရွယ်တွင် ထိုင်ဝမ်ကျွန်းရှိ တိုင်ပေမြို့သစ်၌ ရုတ်တရက် ကွယ်လွန်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်း၏ အမည်ရင်းမှာ ချင်းချယ်ဖြစ်ပြီး တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ၁၉၃၈ ခုနှစ်က မွေးဖွားခဲ့သည်။ စာရေးဆရာမ ချီအွန်းယော်သည် ငယ်စဉ်က တရုတ်ပြည်မကြီးတွင် နေထိုင်ကြီးပြင်းလာခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် မိသားစုနှင့်အတူ ထိုင်ဝမ်ကျွန်းသို့ ပြောင်းလာခဲ့သည်။

ပြတင်းပေါက်အပြင်ဘက်ဟု အမည်ရသော ၎င်း၏ ပထမဆုံးဝတ္ထုမှာ မိမိကိုယ်တိုင်၏ ဘဝဇာတ်ကြောင်းကို ထင်ဟပ်ရေးသားခဲ့ခြင်းဖြစ်သည်။

ဝတ္ထုစာအုပ်ပေါင်း ၆၀ ရေးသားခဲ့ပြီး ရုပ်ရှင်ဇာတ်ညွှန်းရေးသူ၊ ထုတ်လုပ်သူအဖြစ်လည်း အောင်မြင်ခဲ့သော ချီအွန်းယော်သည် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀

## ကြောင်ပျောက်ရှာရင်း မြေကျင်းထဲပြုတ်ကျခဲ့သူကို ဒေသဆိုင်ရာတာဝန်ရှိသူများ လိုက်လံရှာဖွေလျက်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ် တစ်နေရာတွင် ယမန်နေ့က ကြောင်ပျောက်ရှာရင်း မြေကျင်းထဲပြုတ်ကျခဲ့သည့် အသက် ၆၄ နှစ်အရွယ် အယ်လီဇဘက်ပိုလတ်ကို ဒေသဆိုင်ရာတာဝန်ရှိသူများ လိုက်လံရှာဖွေလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းပြုတ်ကျသွားသော မြေကျင်းသည် ပေ ၃၀ ခန့် နက်ပြီး စွန့်ပစ်ထားသော ကျောက်မီးသွေးတွင်းဟောင်းတစ်ခုနှင့် တစ်ဆက်တည်းဖြစ်သည်ဟု ဆိုသည်။

ရဲတပ်ဖွဲ့ဝင်များက ကားပေါ်တွင် ကျန်နေခဲ့သော အသက် ငါးနှစ်ခန့်အရွယ် ကလေးကို စောင့်ရှောက်ပေးနေကြပြီး ကျောက်မီးသွေး တွင်းလုပ်သားအချို့က ပျောက်ဆုံးနေသူကို ကူရှာပေးလျက်ရှိကြောင်း သိရသည်။ **Mon**





STOP AIDS

## ဟစ်ဇဘိုလာတို့ အပစ်အခတ်ရပ်စဲမှုဖောက်ဖျက်လျှင် အစ္စရေးက စစ်ရေရှည်ဆက်တိုက်မည်ဟု ခြိမ်းခြောက်

**ဂျေရုဆလင် ဒီဇင်ဘာ ၄**

လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာပြောက်ကျားများဘက်က လက်ရှိယာယီအပစ်အခတ်ရပ်စဲမှုကို စတင်ဖောက်ဖျက်လျှင် မိမိတို့ဘက်က စစ်ကို ရေရှည်ဆက်တိုက်မည်ဟု အစ္စရေးက ခြိမ်းခြောက်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

"ကျွန်ုပ်တို့ဘက်က စစ်ကို ပြန်တိုက်မယ်ဆိုရင် ပြင်းထန်စွာ ပြုမူသွားမှာဖြစ်တယ်။ ပိုပြီးတော့လည်း ထိုးဖောက်တိုက်ခိုက်သွားမယ်။ ဘက်ဘနွန်နိုင်ငံကို ငဲ့ညှာထောက်ထားနေတော့မှာ မဟုတ်ဘူး"ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး ကတ်ဇ်က အတိအလင်း ထုတ်ဖော်ပြောကြားသည်။



ဟစ်ဇဘိုလာနှင့်လက်ဘနွန်နိုင်ငံ ကွဲပြားသွားသည်အထိ အစ္စရေးဘက်က တိုက်ခိုက်သွားမည်ဟု ၎င်းက ဆက်လက်သတိပေးသည်။

အစ္စရေးနိုင်ငံ မြောက်ပိုင်းနယ်စပ်သို့ တပ်ဖွဲ့များကို သွားရောက်စစ်ဆေးစဉ် အစ္စရေးကာကွယ်ရေးဝန်ကြီး ကတ်ဇ်က ထိုသို့ သတိပေးခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

ဟစ်ဇဘိုလာပြောက်ကျားများက နယ်စပ်ရှိ အစ္စရေးစစ်စခန်းတစ်ခုကို မော်တာဖြင့် လှမ်းပစ်ခဲ့ပြီးနောက် အစ္စရေးဘက်က တုံ့ပြန်ခြိမ်းခြောက်ဟန့်တားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်



**ပြင်ဦးလွင် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက အ·လ·က (၁)ထ(ခွဲ)ကျောင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားကို ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အကျိုးတော်ဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများအား မီးလောင်မှုဖြစ်ပေါ်လာပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းလမ်းများ စနစ်တကျရှိရေးအပြင် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ကြေညာချက်များအား လိုက်နာကြရန်အတွက် အသိပညာပေးပြောကြားခဲ့ပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို လက်တွေ့ပြသခြင်း၊ မီးငြိမ်းသတ်ယာဉ်များဖြင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာဆောင်ရွက်နိုင်ကြစေရန်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ အစိုးရဌာနဆိုင်ရာရုံးများအပြင် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ၊ ဈေးဆိုင်များနှင့် နေအိမ်များတွင် မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၅၇)



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြော၊ လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**မိုင်းတုံ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းမင်းထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်မိုး၊ မြို့နယ်ရဲမှူးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲက အ·ထ·က မိုင်းတုံကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ခန့် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲမှူး မြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၏ ရည်ရွယ်ချက်ကို အကျယ်တဝင့်ရှင်းလင်းခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသူရိန်ဖြိုးက ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် မီးဘေးအန္တရာယ်မှ ကာကွယ်ရမည့်နည်းလမ်းများ၊ ရင်ဆိုင်ရမည့်အခါ စတင်လုပ်ဆောင်ရမည့်အချက်များ၊ ကိုင်ဆောင်ရမည့်ပုံစံများ သိရှိစေရန်နှင့် လက်တွေ့ မီးငြိမ်းသတ်နည်းများကိုလည်း ပူးပေါင်းဆောင်ရွက်တတ်စေရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များမှ မီးငြိမ်းသတ်ခြင်းများကို ပုံစံအမျိုးမျိုးဖြင့် လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)


## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန် ။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန် ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ


## ဝန်ထမ်းအိပ်ဆောင်တွင် Power Bank အားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၃၄-ဘီ လမ်း၊ ၅၂လမ်းနှင့်၅၃ လမ်းကြားနေ (ပေ၂၀×၁၂ပေ)၊ သွပ်မိုး၊ ထရံကာ၊ အထပ်သားခင်း နှစ်ထပ် အဆောက်အအုံ ဝန်ထမ်းအိပ်ဆောင်တွင် Power Station (Power Bank) အားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု ဒီဇင်ဘာ ၂ ရက် ညနေ ၄ နာရီခွဲ ဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (ပေ၂၀×၁၂ပေ)၊ သွပ်မိုး၊ ထရံကာ၊ အထပ်သားခင်း နှစ်ထပ်ဆောင် အဆောက်အအုံနှင့် လူသုံးကုန်ပစ္စည်းများ မီးလောင်ကာ ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာ သုံးစွဲသူအား အမှတ်(၃)နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အောက်ပုံ)

(၀၅၇)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**ပင်လောင်း ဒီဇင်ဘာ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီခွဲက ပင်လောင်းမြို့နယ်၊ လိန်းလီကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ကောင်းကျော်လင်း ဆိုသူမောင်းနှင်ပြီး ဇော်လင်း ဆိုသူလိုက်ပါလာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ရသဖြင့် ကောင်းကျော်လင်း (၃၇)နှစ်နှင့် ဇော်လင်း(၄၄)နှစ်ဆိုသူတို့အား ဖိုကုန်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

## ရန်-မန်းကားလမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရန်ကုန်-မန္တလေးသွားကားလမ်း၊ မြင်းဘက်ရပ်ကွက်တွင် ခရီးသည်တင်မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့တိုက်မိပြီး အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာများရရှိမှု နိုဝင်ဘာ ၂၉ရက် နံနက် ၁၀ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ခရီးသည်တင်မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့သည် မြင်းဘက်ရပ်ကွက်၊ မီးသတ်ဦးစီးဌာနရုံးအနီးတွင် မတော်တဆဖြစ်ကာ တိုက်မိခဲ့ပြီး ဆိုင်ကယ်ကြေမွ ပျက်စီးကာ ဆိုင်ကယ်စီးနင်းသူမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အခင်းဖြစ်နေရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်လူမှုကူညီရေးနှင့်ကယ်ဆယ်ရေး အလင်းရောင်ပရဟိတအသင်းတို့သည် သွားရောက်ကူညီဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသားအား ပျော်ဘွယ်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ (၀၅၇)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Win Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် အောင်မေတ္တာရပ်ကွက်နေ ဝင်းနိုင်အား မွန်းလွဲ ၂ နာရီတွင် သံဖြူဇရပ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၄**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade 11 နှင့် Grade 12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ် (၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မိတ္ထီလာပညာရေးကောလိပ် ပညာပါရမီခန်းမတွင် ကျင်းပခဲ့သည်။

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade 11 နှင့် Grade 12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ် (၂)ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်မောင်နှင့် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)ဦးအောင်ဆွေဦးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်က သင်တန်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ Grade 11 နှင့် Grade 12 ကျောင်းသား၊ ကျောင်းသူများ ဥပဒေအသိပညာများ သိရှိနားလည်စေရန်နှင့် နိုင်ငံတော် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများမှာ အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade 11နှင့် Grade 12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၂)ဖွင့်လှစ်ခြင်းဖြစ်သည်။ ၎င်းသင်တန်းတွင် ဥပဒေဆိုင်ရာ ဘာသာရပ် (၇)ခုကို သင်ကြားသွားမည်ဖြစ်ရာ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ Grade 11 နှင့် Grade 12 သင်ကြားနေသည့် ဆရာ၊ ဆရာမများနှင့် မိတ္ထီလာပညာရေးကောလိပ် မှ ဆရာ၊ ဆရာမများ စုစုပေါင်း ၃၆၃ ဦး တက်ရောက်ခဲ့ကြပြီး ယင်းသင်တန်းကို ဒီဇင်ဘာ ၄ ရက်မှ ၁၂ ရက်နေ့အထိ နေ့စဉ် နံနက် ၉ နာရီ ၃၀ မိနစ်မှ ညနေ ၄နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၆၉)

## ၈ လအတွင်း ဆန်တင်ပို့မှုမှ ဒေါ်လာ ၈၀၄ သန်းရရှိထားကြောင်း MRF ထုတ်ပြန်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလကုန်အထိ ၈ လတာအတွင်း ပြည်ပဝယ်လက်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄၇ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဒီဇင်ဘာ ၃ ရက်က ထုတ်ပြန်ထားသည်။

ဆန်၊ ဆန်ကွဲ မက်ထရစ်တန်ချိန် ၁၆၉၇၁၆၅ ဒသမ ၈၉ တန် တင်ပို့မှုမှ ရရှိထားပြီး အင်ဒိုနီးရှားနိုင်ငံက အများဆုံးဝယ်ယူခြင်းဖြစ်ကြောင်း MRF ထုတ်ပြန်ချက်စာရင်းတွင် ဖော်ပြထားသည်။

လအလိုက် တင်ပို့မှုကိုကြည့်လျှင် အောက်တိုဘာလမှာ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ဆန်၊ ဆန်ကွဲ တန်ချိန်စုစုပေါင်း ၃၃၄၅၃၅ ဒသမ ၀၄ တန် တင်ပို့မှုမှ ဒေါ်လာ ၁၅၆ သန်း ထပ်မံရရှိခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလက ၁၈၉ သန်းဖြင့် စံချိန်တင်ရရှိခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလအတွင်း ဆန်တန်ချိန် ၂၈၄၉၇ ဒသမတန်၊ ဆန်ကွဲတန်ချိန် ၆၀၁၆ တန်ချိန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၃၃၃၁၆၅ ဒသမ ၀၄ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၁၃၇၀ တင်ပို့ခဲ့ခြင်းဖြစ်ရာ နယ်စပ်ကုန်သွယ်မှုမှ တစ်ဆင့် တင်ပို့နိုင်ခြင်း ပြန်လည်မြင့်တက်လာတာကိုတွေ့ရသည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန်လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ ၉၇ သန်း၊ စက်တင်ဘာလမှာ ၁၀၄ သန်း၊ အောက်တိုဘာလမှာ ၁၈၉သန်း၊ နိုဝင်ဘာလမှာ ၁၅၆ သန်း ရရှိထားတာကိုလည်း MRF ၏အချက်အလက်တွေအရ သိရသည်။

ဆန်နှင့် ဆန်ကွဲ အမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကိုကြည့်လျှင် ပြည်ပနိုင်ငံ ၂၃ နိုင်ငံက အဓိကဝယ်လိုအားရှိပြီး အဲဒီအထဲမှာ အင်ဒိုနီးရှားက အများဆုံးဝယ်ယူထားပြီး ဒုတိယအများဆုံးမှာ တရုတ်နှင့် တတိယအများဆုံးမှာ အိုင်ဗရီကို့စ်က အများဆုံး ဝယ်ယူသူတွေအဖြစ် ရှိနေသည်။

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၈ ခုကနေ အများအပြားဝယ်ယူလျက်ရှိပြီး ဘယ်လ်ဂျီယံ၊ တရုတ်၊ အင်ဒိုနီးရှား နိုင်ငံတွေကနေ အများဆုံး ဝယ်ယူလျက်ရှိတာကို စာရင်းတွေမှာ ဖော်ပြထားသည်။




မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်အထိ ဘဏ္ဍာနှစ်အတွင်း ဆန်/ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပို့ကုန်ရငွေများကို အမြန်ဆုံး ပြန်လည်ဝင်ရောက်ရေးကို အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

(ရွှေမန်း)

## မြို့နယ်အဆင့် လူရည်ချွန် စိစစ်ရွေးချယ်စာမေးပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက မြို့နယ်အဆင့် လူရည်ချွန် စိစစ်ရွေးချယ်စာမေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်အဆင့် လူရည်ချွန်စိစစ်ရွေးချယ် စာမေးပွဲ ကျင်းပရာတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများမှ စာရင်းရှိ Grade-9 ကျောင်းသား၊ ကျောင်းသူ (၂၂) ဦး၊ စာရင်းရှိ Grade-10 ကျောင်းသား၊ ကျောင်းသူ (၂၅) ဦး၊ စာရင်းရှိ Grade-11 ကျောင်းသား၊ ကျောင်းသူ (၂၀) ဦး၊ စာရင်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူ (၁၄) ဦး၊ စုစုပေါင်း စာရင်းရှိ (၂၉) ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်များတွင် စာတွေ့လက်တွေ့ ဆန်းစစ်ပြီး ဒီဇင်ဘာ ၇ ရက်တွင် ကိုယ်လက်ကြံ့ခိုင် ကျန်းမာရေး စွမ်းရည်ဆန်းစစ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## အင်းဝ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်လေ့လာသူ ယခင်နှစ်ထက်များပြား



**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းပြည်ပမှ ဧည့်သည်များ လာရောက်လေ့လာလျက်ရှိရာ ယခင်နှစ်ထက် ပိုမိုများပြားကြောင်း အင်း၀-ပင်းယရှေးဟောင်းယဉ်ကျေးမှုဌာန ဒုတိယတာဝန်ခံ ဒေါ်ခင်ထွေးဝင်းက ပြောသည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် အခါကြီးနေ့ကြီးများနှင့် ရုံးပိတ်ရက်၊ အလုပ်နားရက်များတွင် လာရောက်လေ့လာကြပြီး မယ်နုအုတ်ကျောင်း၊ ဗားကရာကျောင်း၊ နန်းမြင့်မျှော်စင်နှင့်လေးထပ်ကြီးကျောင်းစသည့် နေရာများ၌ ပိုမိုစည်ကားသည်ဟုဆိုသည်။

"အကြမ်းဖျင်းပြောရရင် အင်းဝကို အပန်းဖြေရင်းလေ့လာသူတွေက မနှစ်ကထက် ပိုများလာပါတယ်။ အင်းဝယဉ်ကျေးမှုပြတိုက်မှာတော့ ရောက်ရှိလေ့လာသူ စာရင်းကောက်တယ် အခြားနေရာတွေမှာ စာရင်းမကောက်ပေမယ့် အခါကြီးနေ့ကြီးနဲ့ ရုံးပိတ်ရက်တွေမှာ ပြည်တွင်းဧည့်သည် သောင်းချီလာရောက်ကြတယ်။ ပြည်ပခရီးသွားတွေစာရင်းကတော့ ကောက်ယူပါတယ်"ဟု ၎င်းက ပြောသည်။

အင်းဝရှေးဟောင်းယဉ်ကျေးမှု ပြတိုက်တွင် ရောက်ရှိလေ့လာသည့် စာရင်းများအရ ပြည်ပခရီးသွားဧည့်သည် ၉၆၁ ဦး၊ ပြည်တွင်းဧည့်သည် ၂၀၂၅ ဦးရှိကြောင်း၊ ပြည်တွင်းခရီးသွားအများစုသည် မယ်နုအုတ်ကျောင်း၊ ဗားကရာကျောင်းနှင့် အခြားနေရာများသို့ သွားရောက်လည်ပတ်ကြရာ ယင်းစာရင်းကောက်ယူခြင်းမရှိကြောင်း သိရသည်။

"ပြည်တွင်းခရီးသွားတွေက ယဉ်ကျေးမှုဇုန်ဝင်ကြေးပေးစရာမလိုပေမယ့် ပြည်ပခရီးသွားတွေကတော့ သတ်မှတ်တဲ့ ဇုန်ဝင်ကြေးပေးဆောင်ရပါတယ်။ အများဆုံးလာရောက်တဲ့ ပြည်ပခရီးသွားတွေက ရုရှား၊ ထိုင်းနဲ့ တရုတ်နိုင်ငံသားတွေပါ။ အင်း၀-ပင်းယ ဇုန်ဝင်ကြေးအဖြစ် ပြည်ပခရီးသွားတစ်ဦးကို တစ်ရက်လျှင်ငွေကျပ် ၁၅၀၀၀ ကောက်ခံပါတယ်"ဟု ဆက်လက်ပြောကြားသည်။

အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ရှေးဟောင်းအဆောက်အအုံ၊ စေတီပုထိုးနှင့် ဘုန်းတော်ကြီးကျောင်းများကို စာရင်းပြုစုထားရာ ၉၆၁ ခုရှိကြောင်း၊ နှစ်စဉ်ချထားပေးသည့် ဘတ်ဂျက်ငွေဖြင့် ယဉ်ကျေးမှုနယ်မြေသန့်ရှင်းသာယာလှပရေးနှင့် ရှေးဟောင်းအဆောက်အအုံများ ရှေးမူမပျက် ပြင်ဆင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အပန်းဖြေခြင်းနှင့်အတူ လာရောက်လေ့လာသူများပြားလာကြောင်းသိရသည်။

(မန္တလေးနေ့စဉ်-၉)

# နိုင်ငံတကာ အားကစား သတင်းများ



## နည်းပြ ကွန်ဆီကာအိုအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဝက်စ်ဟမ်းအသင်း ဆွေးနွေး

**လန်ဒန် ဒီဇင်ဘာ ၄**

ဝက်စ်ဟမ်းအသင်းသည် အသင်းနည်းပြ လိုပီတီဂွီအား ရာထူးမှထုတ်ပယ်ပြီး နည်းပြ ကွန်ဆီကာအိုအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (အပေါ်ပုံ)

အသက်(၅၀)နှစ်အရွယ်ရှိ နည်းပြသည် လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေပြီး နည်းပြဘဝသက်တမ်းတစ်လျှောက်တွင်လည်း ပေါ်တို၊ ဘရာဂါ၊ နန့်တက်စ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာလည်း ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးလည်း ဖြစ်နေသည်။

နည်းပြ ကွန်ဆီကာအိုကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်တွင် နည်းပြအဖြစ် ဆောင်ရွက်သွားလိုကြောင်းလည်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် နည်းပြ ကွန်ဆီကာအိုအား လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဝက်စ်ဟမ်းအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဂိုးသမား နျူအာ ကစားသမားဘဝ ပထမဆုံးအကြိမ် အနီကတ်ပြသခြင်းခံရ

**မြူးနစ် ဒီဇင်ဘာ ၄**

ဘိုင်ယန်မြူးနစ်အသင်း ကစားသမားဘဝတစ်လျှောက် ပြိုင်ပွဲပေါင်း ၈၂၃ပွဲကစားပြီးနောက် ပထမဆုံးအကြိမ် အနီကတ်ပြသခြင်းခံခဲ့ရသည်။

အဆိုပါဂိုးသမားသည် ဂျာမန်ပိုကယ်ဖလား ၁၆သင်းအဆင့် ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက လေဗာကူဆင်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်းနောက်ခံကစားသမား ဖရင်းပေါင်အား ဖျက်ထုတ်တားဆီးခဲ့ခြင်းအတွက် တိုက်ရိုက် အနီကတ်ပြသခြင်းခံခဲ့ရသည်။



ဂိုးသမား နျူအာသည် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီမှစတင်က ဘောလုံးကစားသမားဘဝ စတင်ခဲ့ပြီး နှစ်ပေါင်း ၂၁နှစ်အကြာမှ ပထမဆုံးအကြိမ် အနီ ကတ်ပြသခြင်းခံခဲ့ရသည်။ (ဝဲပုံ) (NGB)

## မူဒရစ်ခ်အား အငှားဖြင့် ခေါ်ယူရန် ဥရောပကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၄**

ချဲလ်ဆီးအသင်းမှ အငှားချသွားရန်ရှိနေသည့် တောင်ပံကစားသမား မူဒရစ်ခ်အား ဥရောပ ကလပ်အသင်းများဖြစ်သည့် ဘာစီလိုနာ၊ နယူးကာဆယ်၊ ခရစ္စတယ်ပဲလေ့စ်အသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ချဲလ်ဆီး အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ် အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



ချဲလ်ဆီးအသင်းကလည်း တောင်ပံကစားသမား မူဒရစ်အား ချက်ချင်းရောင်းချသွားရန် စီစဉ်ခြင်းမရှိဘဲ လာမည့်ဆောင်းရာသီ ဈေးကွက်တွင် အငှားသာ ချသွားမည်ဖြစ်သည်။ (ဝဲပုံ)

ထို့ကြောင့် ဥရောပကလပ်အသင်းများဖြစ်သည့် ဘာစီလိုနာ၊ နယူးကာဆယ်၊ ခရစ္စတယ်ပဲလေ့စ် အသင်းများမှ မည်သည့်အသင်းက မူဒရစ်ခ်အား ချဲလ်ဆီးအသင်းထံမှ အငှားဖြင့် ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။(NGB)

## အာမက်ဒီယာလိုအား နှစ်ရှည်စာချုပ်ချုပ်ဆိုရန် မန်ချက်စတာယူနိုက်တက်အသင်းစီစဉ်

**မန်ချက်စတာ ဒီဇင်ဘာ ၄**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းတောင်ပံကစားသမား အာမက်ဒီယာလိုအား နှစ်ရှည်စာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၉ပွဲကစားပြီး ၃ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက နှစ်ရှည်စာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းထုတ်ပြန်ချက်တွင် "အာမက်ဒီယာလိုအား နှစ်ရှည်စာချုပ်ချုပ်ဆိုဖို့ စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ဦးပါ။ စာချုပ်ကိစ္စကိုလည်း ၂၀၂၄ ခုနှစ်မကုန်ခင် အပြီးဆောင်ရွက်သွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



## ဆန်နီအန်ဒါဆင်နောက်ပိုင်း မာဆေးလ်အတွက် ၁၃ပွဲကစားပြီး ၉ဂိုးသွင်း ယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဂရင်းဝုဒ်မှတ်တမ်းဝင်



**ပါရီ ဒီဇင်ဘာ ၄**

မာဆေးလ်အသင်းတိုက်စစ်မှူး ဂရင်းဝုဒ်သည် အသင်းဂန္ထဝင်ကစားသမားဟောင်း ဆန်နီအန်ဒါဆင်နောက်ပိုင်း အသင်းအတွက် ၁၃ပွဲကစားပြီး ၉ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် မာဆေးလ် အသင်းက မိုနာကိုအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် ယခုနှစ်ဘောလုံးရာသီတွင် မာဆေးလ်အသင်းသို့ ရောက်ရှိပြီး အလျှင်အမြန်အထိုင်ကျကာ ပြိုင်ပွဲစုံ ၁၃ပွဲကစားပြီး ၉ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂရင်းဝုဒ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)

## ဟူဂိုလာဆင်အား ပြောင်းရွှေ့ကြေး ယူရို သန်း၅၀ ရရှိပါက ဖရန့်ဖတ်အသင်း ရောင်းချသွားဖွယ်ရှိ

**မြူးနစ် ဒီဇင်ဘာ ၄**

ဖရန့်ဖတ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ဟူဂိုလာဆင်အတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဟူဂိုလာဆင်သည် ဖရန့်ဖတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၆ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဖရန့်ဖတ် အသင်းအလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ဟူဂိုလာဆင်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## ဂိုးသမား မာတီနက်ဇ် လက်ချောင်းကျိုးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၄**

အက်စတွန်ဗီလာအသင်း ဂိုးသမား မာတီနက်ဇ် လက်ချောင်းကျိုးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရမည်ဖြစ်သည်။



အဆိုပါဂိုးသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက ချဲလ်ဆီးအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသမား မာတီနက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်စတွန်ဗီလာအသင်းအတွက် ကြီးမားသည့်ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂိုးသမား မာတီနက်ဇ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲပေါင်း ၁၇၆ ပွဲကစားထားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။ (ဝဲပုံ)

(NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၆-၁၂-၂၀၂၄ | (၁၀)ဖူလ်ဟမ် - ဘရိုက်တန်(၄) | ဖူလ်ဟမ် ၃-၀ ဘရိုက်တန် | ဖူလ်ဟမ်(အိမ်) | ၆ | ၃ | ၁ | ၂ | ၁၀ | ၁၁ |
| နံနက် ၀၂:၀၀ နာရီ | (D,W,W,L,D) (D,L,W,W,D) | ဘရိုက်တန် ၁-၁ ဖူလ်ဟမ် | ဘရိုက်တန်(ဧည့်) | ၆ | ၃ | ၁ | ၂ | ၁၀ | ၈ |
| ၆-၁၂-၂၀၂၄ | (၁၃)ဘုန်းမောက် - စပါး(၇) | ဘုန်းမောက် ၀-၂ စပါး | ဘုန်းမောက်(အိမ်) | ၆ | ၃ | ၁ | ၂ | ၉ | ၆ |
| နံနက် ၀၂:၄၅ နာရီ | (D,W,L,L,W) (D,L,W,W,D) | စပါး ၃-၁ ဘုန်းမောက် | စပါး(ဧည့်) | ၆ | ၂ | ၁ | ၃ | ၁၁ | ၇ |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ(၁၆-သင်း အဆင့်) ပွဲစဉ် ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲ၌ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၆-၁၂-၂၀၂၄ | လာဇီယို - နာပိုလီ | လာဇီယို ၀-၀ နာပိုလီ | လာဇီယို(အိမ်) | ၇ | ၆ | ၁ | - | ၁၇ | ၆ |
| နံနက် ၀၂:၃၀ နာရီ | (စီးရီးအေ-၅) (စီးရီးအေ-၁) | နာပိုလီ ၁-၂ လာဇီယို | နာပိုလီ(ဧည့်) | ၇ | ၄ | ၂ | ၁ | ၉ | ၄ |



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ - မျိုးထက်ဦး



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

❖ စာမျက်နှာ ၂၄ မှ

နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ် အသင်းကို နှစ်ပွဲ တစ်ပွဲ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ**

အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီး အသင်းကမန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်၂၃နှစ်အောက်ဘတ်စကက်ဘောပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရမှတ်(၈၃-၃၀) မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို ရမှတ် (၇၉-၃၂) မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ်(၉၆-၆၆) မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ် အသင်းကိုရမှတ် (၇၀-၃၄) မှတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၇၅-၂၆) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘော်လီဘော ပြိုင်ပွဲတွင် နေပြည်တော် အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ - မျိုးထက်ဦး

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာအမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို လေးဂိုး - နှစ်ဂိုး၊ မကွေးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး - ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ငါးဂိုး-တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ် အသင်းကို ခြောက်ဂိုး - ဂိုးမရှိ၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို၁၀ ဂိုး-တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို တစ်ဂိုး- ဂိုးမရှိ၊ မွန်ပြည်နယ် အသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး- ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ငါးဂိုး- တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

စာမျက်နှာ ၁၃ သို့ ☆



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ- မျိုးထက်ဦး



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ- မျိုးထက်ဦး

☆ စာမျက်နှာ ၁၂ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို သုံးပွဲ နှစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသားဘောလုံးပြိုင်ပွဲများ**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ကစားကြရာ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့က ဂိုးမရှိ သရေဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က တစ်ဖက်နှစ်ဂိုးစီဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသား အားကစားပွဲတော်ကို ရန်ကုန်မြို့၌ ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ် ကျင်းပခဲ့ပြီး နေပြည်တော်၌ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် ကျင်းပခဲ့ကာ ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီးကို ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားသမား ၉၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

မသန်စွမ်းရေကူး(အမျိုးသား/အမျိုးသမီး) မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ လည်းကောင်း၊ မသန်စွမ်းမျက်မြင်စစ်တုရင်(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေးအားကစားကွင်း၌ လည်းကောင်း၊ မသန်စွမ်းထိုင်လျက် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲနှင့် မသန်စွမ်း ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေး TC-2အားကစားကွင်း၌လည်းကောင်း ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ- မျိုးထက်ဦး



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အလှအပနှင့် ကျန်းမာရေးကဏ္ဍ



## ညတိုင်း အမြဲမပြတ်ပြုလုပ်ပေးသင့်တဲ့ အလှအပဆိုင်ရာ အလေ့အကျင့်များ

တစ်နေ့တာလုံး သွားလာလှုပ်ရှားနေရသည်နှင့်အမျှ အသားအရေသည်လည်း နေပူဒဏ်၊ လေဒဏ်၊ ဖုန်မှုန့်နဲ့ အညစ်အကြေးတွေကို နေ့စဉ်ထိတွေ့နေရတာ ဖြစ်ပါတယ်။ အချိန်ကြာလာသည်နှင့်အမျှ အသားအရေကို သိသိသာသာပျက်စီးလာနိုင်စေပြီး အရေးအကြောင်းနဲ့ အသားအရေညစ်ညမ်းပြီး မညီမညာနဲ့ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှုကို ဖြစ်စေပါတယ်။ ဒါကြောင့် ညအိပ်ရာမဝင်ခင်မှာ အသားအရေကို ဂရုစိုက်ပေးခြင်းအားဖြင့် အသားအရေကြည်လင်စေရုံမက အရွယ်တင်နုပျိုစေမှာဖြစ်တာကြောင့် ညစဉ် ပြုလုပ်ရမယ့် အလေ့အကျင့်ကောင်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

### (၁) မိတ်ကပ်ဖျက်ပါ

မိတ်ကပ်ဖျက်ဖို့က အရေးကြီးတာကြောင့် အလှအပထိန်းသိမ်းမှုအကြောင်း ပြောတဲ့အခါတိုင်းမှာ မိတ်ကပ်ဖျက်ဖို့ အမြဲထည့်သွင်းပြောရတာ ဖြစ်ပါတယ်။ တစ်နေကုန် ပင်ပန်းနွမ်းနယ်နေပါစေ ညဘက် အိပ်ရာမဝင်ခင်မှာ အချိန်အနည်းငယ်ပေးပြီး မိတ်ကပ်ဖျက်ပေးပါ။

### (၂) တိုနာလိမ်းပေးပါ

တိုနာလိမ်းပေးခြင်းအားဖြင့် အသားအရေရဲ့ Ph Level ကို ပြန်လည်ထိန်းသိမ်းပေးရုံမက ဖုန်မှုန့်များ၊ အညစ်အကြေးများကို သန့်ရှင်းရန်အတွက်လည်း ကူညီပေးမှာ ဖြစ်ပါတယ်။ အဆီပြန်သူ၊ ဝက်ခြံထွက်သူများအတွက်အထူးသင့်လျော်ပြီး ညတိုင်းအိပ်ရာမဝင်ခင်အသုံးပြုပေးရမှာ ဖြစ်ပါတယ်။

### (၃) Eye cream လိမ်းပေးပါ

ရေဓာတ်ဖြည့်တင်းပေးခြင်း၊ မျက်ကွင်းညိုမှုကို သက်သာစေခြင်း၊ အရေးအကြောင်းများကို လျှော့ချပေးခြင်း စသည့်ကောင်းကျိုးတွေကို ပေးစွမ်းနိုင်တာကြောင့် ညဘက် Skin Care ပြုလုပ်တဲ့အခါတိုင်း Eye Cream ကို လိမ်းပေးဖို့ လိုအပ်ပါတယ်။

### (၄) သွားတိုက်ပါ

ညအိပ်ရာမဝင်ခင်မှာ မိတ်ကပ်ဖျက်၊ မျက်နှာသစ်တာအပြင် သွားတိုက်ဖို့လည်း အရေးကြီးပါတယ်။ ညအိပ်ရာမဝင်ခင် သွားတိုက်ပေးခြင်းအားဖြင့် သွားပိုးစားခြင်းနဲ့ သွားရောဂါတွေကို သက်သာစေရုံသာမက ခံတွင်းနံ့နံခြင်းကိုလည်း သက်သာစေပါတယ်။

### (၅) Hand Cream လိမ်းပါ

ရေချိုး၊ ဆပ်ပြာတွေနဲ့လက်ကို ဆေးကြောသန့်စင်ပြီးတဲ့အခါမှာ Hand Cream ကို လိမ်းပေးခြင်းအားဖြင့် လက်နဲ့လက်သည်းတွေက စိုပြည်ပြီး လှပတဲ့လက်ချောင်းလေးတွေ ဖြစ်စေပါတယ်။

### (၆) အိပ်ရာဝင်ချိန်မှာ ဖုန်းမသုံးပါနဲ့

ဖုန်းကနေထွက်လာတဲ့အလင်းရောင်တွေဟာ အိပ်ချင်စိတ်ကို အနှောင့်အယှက်ပေးနိုင်တာကြောင့် အိပ်ရေးဝဝအိပ်စက်နိုင်ဖို့အတွက် အိပ်ရာဝင်ကာနီး တစ်နာရီအလိုလောက်ကတည်းက ဖုန်းအသုံးမပြုတာ အကောင်းဆုံးပါပဲ။

**Daisy**


## အဝတ်အစားဝယ်ယူတဲ့အခါမှာ သိထားသင့်တဲ့အချက်များ

အဝတ်အစားအသစ် ဝယ်ယူတဲ့အခါမှာ ကိုယ်ကသဘောကျပြီး လိုက်ဖက်မယ်ထင်လို့ ဝယ်လိုက်ပေမယ့် တကယ်တမ်းဝတ်လိုက်တဲ့အခါမှာ ကိုယ်နဲ့အဆင်မပြေတာမျိုးတွေ ကြုံဖူးကြမှာပါ။ အဲလိုမဖြစ်ရအောင် အဝတ်အစားဝယ်တဲ့အခါမှာ သိထားသင့်တဲ့အချက်လေးတွေကို ပြောပြပေးချင်ပါတယ်။

(၁) အဝတ်အစားဝယ်တဲ့အခါမှာ ကိုယ့်မျက်လုံးထဲလှနေလို့ ချက်ချင်းဝယ်လိုက်တာက တကယ်တမ်းဝတ်လိုက်တဲ့အခါမှာ မကြိုက်တော့တာ၊ မလှတော့တာမျိုးတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့် အဝတ်အစားဝယ်တော့မယ်ဆိုရင် အဲဒီအဝတ်အစားကို တကယ်ဝတ်ဖြစ် မဖြစ်၊ ဘယ်လိုအဝတ်အစားမျိုးနဲ့ တွဲဖက်ဝတ်ဆင်ရမလဲ၊ ဘယ်လိုနေရာမျိုးမှာ ဝတ်လို့ရလဲဆိုတာ စဉ်းစားပြီးမှ ကိုယ်လည်းကြိုက်နှစ်သက်ပြီး အမှန်တကယ် လိုက်ဖက်သင့်တော်တဲ့ အဝတ်စားမျိုးကို ရွေးချယ်ဝယ်ယူပါ။

(၂) မှန်ကန်တဲ့ဆိုဒ်ရွေးချယ်တတ်ဖို့ကလည်း အရေးကြီးပါတယ်။ အဝတ်အထည်တွေက တစ်ခုနဲ့တစ်ခု ဆိုဒ်အတိုင်းမတူတာမျိုးတွေ ရှိတတ်တာကြောင့် မဝယ်ခင်မှာ ဝတ်ကြည့်ပြီး ခန္ဓာကိုယ်နဲ့ မကြပ်၊ မပွ၊ မကြီးလွန်းတာတွေကို ဝတ်ဆင်မှသာ စမတ်ကျ၊ ဖက်ရှင်ကျပြီးလှပမှာ ဖြစ်ပါတယ်။

(၃) အဝတ်အစားဝယ်တဲ့အခါမှာ တစ်ဆိုင်တည်းကပဲ မရွေးပါနဲ့။ ကိုယ်လိုချင်တဲ့ပုံစံ၊ အရောင်၊ ဆိုဒ်ကိုသေချာစဉ်းစားထားပြီး ဆိုင်ရောက်တဲ့အခါမှာ လိုချင်တဲ့ပုံစံနဲ့ ထပ်တူကျတဲ့ အဝတ်အစားကို သေချာလေးရွေးဝယ်ပါ။ ဒီတစ်ဆိုင်မှာ အဆင်မပြေဘူးဆိုရင် နောက်တစ်ဆိုင်မှာထပ်ရှာပြီး ရွေးချယ်ဝယ်ယူပါ။ **Daisy**




## ဝက်ခြံကိုရှင်းထုတ်ပေးနိုင်တဲ့ သဘာဝ Super Food များ

မျက်နှာပေါ်မှာ ဝက်ခြံပေါက်ရင် အလှပျက်စေပြီး စိတ်ညစ်စရာအရမ်းကောင်းပါတယ်။ ဝက်ခြံသက်သာဖို့အတွက် ကုသမှုနည်းလမ်းတွေအမျိုးမျိုးရှိပါတယ်။ ဝက်ခြံသက်သာစေဖို့အတွက် ကုသနည်းမျိုးစုံအသုံးပြုတာအပြင် ဝက်ခြံသက်သာစေဖို့အတွက် အစားအသောက်ကလည်း အရေးကြီးပါတယ်။ ဝက်ခြံသက်သာစေနိုင်တဲ့ သဘာဝ Super Food တွေကို စားပေးခြင်းအားဖြင့် ဝက်ခြံသက်သာစေတာကြောင့် အဲဒီ Super Food တွေအကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။

### (၁) သခွားသီး

သခွားသီးမှာ Vit-A,C,K နဲ့ အခြားအာဟာရဓာတ်တွေ ကြွယ်ဝစွာပါဝင်တာကြောင့် ကျန်းမာရေးအတွက်လည်း အလွန်ကောင်းမွန်တဲ့အပြင် အရေပြားပေါ်က ဆဲလ်သေတွေကို ဖယ်ရှားပေးပြီး ချွေးပေါက်နဲ့ ဝက်ခြံအနာတွေကို သက်သာပျောက်ကင်းစေနိုင်ပြီး အရေးအကြောင်းဖြစ်ပေါ်ခြင်းကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

### (၂) သံပရာသီး

သံပရာသီးမှာ Vit-C ကြွယ်ဝစွာပါဝင်တာကြောင့် ဝက်ခြံအတွက် အရမ်းကောင်းတဲ့အသီးပဲ ဖြစ်ပါတယ်။ ရေနွေးတစ်ခွက်ထဲမှာ သံပရာသီးတစ်စိတ်ညှစ်ထည့်ပြီး မနက်ခင်း အစာမစားခင်မှာ သောက်ပေးခြင်းဖြင့် ဝက်ခြံထွက်ခြင်းကိုသက်သာစေပြီး အသားအရေကြည်လင်လာစေမှာပါ။

### (၃) ကိုက်လန်

ကိုက်လန်မှာဗီတာမင်ဓာတ်နဲ့ အာဟာရဓာတ်များအပြင် ဓာတ်တိုးဆန့်ကျင်မှုပစ္စည်းများစွာပါဝင်တာကြောင့် အသားအရေညစ်နွမ်းခြင်းကို လျှော့ချပေးနိုင်ပါတယ်။

### (၄) ကန်စွန်းဥ

ကန်စွန်းဥမှာ Beta-Carotene ပါဝင်တာကြောင့် ကန်စွန်းဥကိုစားသုံးလိုက်တဲ့အခါမှာ ခန္ဓာကိုယ်တွင်း Vit-A အဖြစ်ကို ပြောင်းလဲသွားတာကြောင့် အသားအရေဆိုင်ရာပြဿနာများ၊ ရောင်ရမ်းခြင်း၊ ချွေးပေါက်ပိတ်ခြင်းနဲ့ ဝက်ခြံတွေကို သက်သာစေနိုင်ပါတယ်။

**Daisy**



## အနီရောင်ဆွယ်တာကို ဖက်ရှင်ကျအောင်ဝတ်ဆင်နိုင်မယ့် Outfit များ

မကြာခင်ရက်ပိုင်းမှာ ခရစ္စမတ်ပွဲတော်ရောက်လာတော့မှာဖြစ်တဲ့အတွက်အကြောင့် ခရစ္စမတ်ပွဲနဲ့ အရောင်တွေဖြစ်တဲ့ အနီ၊ အစိမ်း၊ အဖြူ၊ ရွှေရောင်၊ ငွေရောင်တွေနဲ့ပြုလုပ်ထားတဲ့ အလှဆင်ပစ္စည်းတွေ၊ အသုံးအဆောင်ပစ္စည်းနဲ့ ဖက်ရှင်တွေကို ဝတ်ဆင်လေ့ရှိပါတယ်။ ခရစ္စမတ်ပွဲတော်လို့ဆိုလိုက်တာနဲ့ အနီရောင်ကို ပြေးမြင်တတ်ကြပြီး အနီရောင်ဖက်ရှင်တွေကိုလည်း အများဆုံးဝတ်ဆင်ကြတာကြောင့် အနီရောင်ဆွယ်တာကို ဘယ်လိုဖက်ရှင်ကျအောင် ဝတ်ဆင်ရမလဲဆိုတာ ပြောပြပေးပါမယ်။ အနီရောင်ဆွယ်တာကို အသားရောင်၊ အဝါဖျော့ဖျော့အရောင်တွေနဲ့ တွဲဝတ်လိုက်ရင် ဆောင်းတွင်းအငွေ့အသက်ကို အပြည့်အဝရရှိစေမယ့်အပြင် ရိုးရှင်းပြီးဖက်ရှင်ကျစေပါတယ်။ အနီရောင်နဲ့လိုက်တာကတော့ အနက်ရောင်ပါပဲ။ အနက်ရောင်ဖြစ်တဲ့ အမည်း၊ အပြာနက်၊ မီးခိုးနက်အရောင် အဝတ်အစားတွေနဲ့လည်း တွဲဖက်ဝတ်ဆင်ခြင်းအားဖြင့် စမတ်ကျပြီး လှပစေပါတယ်။ ဆွယ်တာအနီရောင်နဲ့ နောက်ထပ်လိုက်ဖက်တာကတော့ ဂျင်းဘောင်းဘီပဲဖြစ်ပါတယ်။ ဒီဖက်ရှင်တော့ လူကြိုက်များတဲ့ဖက်ရှင်ဖြစ်တဲ့အပြင် ဘယ်တော့မှလည်း ရိုးမသွားတဲ့ Outfit ဖြစ်တာကြောင့် လွယ်ကူရိုးရှင်းတဲ့ ဖက်ရှင်ဝတ်ချင်သူတွေအတွက် အဆင်ပြေပါတယ်။

**Daisy**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



**စစ်ကိုင်း ဒီဇင်ဘာ ၄**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်(၃)ရပ်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည့် သိကောင်းစရာများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဥမ္မာဝင်းက အနာဂတ်တွင် နိုင်ငံတော်မှ အားထားရမည့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ဖန်တီးကြရေး စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HVP) နှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းများက ဒီဇင်ဘာ ၃ ရက် နံနက် ၁၁ နာရီက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ အသက်(၉)နှစ်မှ (၁၀)နှစ်အတွင်း ကျောင်းသား၊ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HVP)နှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများအား ကွင်းဆင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်၊ကျေးရွာအတွင်းရှိ အသက်(၉)နှစ်မှ (၁၀)နှစ်အတွင်း ကျောင်းသား၊ကျောင်းသူများအား သားအိမ် ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HVP)နှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## တောင်သူများအား ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ကံမ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၈)အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက သမ္ဘရာကျေးရွာအုပ်စုမှ တောင်သူ ၇၈ ဦးတို့၏ စိုက်ဧက (၂၃၅)ဧကအတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ ထုတ်ပေးရာတွင် ငွေကျပ် သိန်းပေါင်း ၅၅၀၀ သိန်း ထုတ်ချေးပေးရန် လျာထားပြီး မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဗိုလ်ကိတ် အစရှိသည့် စိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ယနေ့အထိ ကျေးရွာအုပ်စု(၈)အုပ်စုမှ တောင်သူ ၅၂၁ ဦး၏ စုစုပေါင်းစိုက်ဧက ၁၇၁၇ ဧကအတွက် ငွေကျပ် ၁၇၁၇ သိန်းအား ထုတ်ချေးပေးပြီးဖြစ်ပြီး ကျန်ရှိနေသောကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ဆက်လက်၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**





ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ဘဝထဲကအလွမ်းတစ်ခု (သို့မဟုတ်) မန်းနေ့စဉ်

* နေ့စဉ်သာယာ သူလာ , ပါမှ
ကျွန့်မှာ , ဆန္ဒ လွှန်ပြည့်ဝ၏ ။

* သူ့ , မျက်နှာဖုံး မန်းမြို့ထုံးနဲ့
ကျုံရိုပ်ပုံဖော် မန်း၌ ပျော်သည်
သြော် , သူသက်တမ်းလည်း နှစ်ခွန် , တည် ။

* သူ့လမ်းခရီး ဖြတ်ခဲ့ကြီးပါ
တွယ်မှီးမှတ်တမ်း သမိုင်းထမ်း၍
အလွမ်းစာမျက်နှာ ဖြူ မည်း , ရာမှ
ကာလာ , စုံလွှမ်း စာ , စုံကမ်းပေ့ါ ။

* ဆရာနတ်မောက် တည်ခဲ့ပေါက်မှန်
အရောက်ဒီခါ ဤချိန်ခါထိ
သယ်ပါထမ်းပိုး သူ့တန်ဖိုးကို
မညှိုးထုဆစ် တစ်ခေတ်တစ်ခါ
မန်းမြို့တော်သာ သတင်းစာ ။

* မန္တလေးနေ့စဉ် သူ၏ဝန်ကို
ကျေပွန်လက်ကမ်း ရက် , ဆက် ထမ်းသည်
ပင်ပန်းပါစေ ညောင်း , လက်တွေနှင့်
မသွေဝါးဝါး စကျွပါးလည်း
ရှောင်ရှားမပျက် နေ့စဉ်ဆက်ဖို့
သွက်လက်ပေါင်းစုံ ဝန်ထမ်းကုန်သည်
သွေတုံစေတနာ များမေတ္တာဖြင့် ။

* အကျွန့်လွမ်းချင်း ပန်းတစ်ခင်းလေ
ဆောင်းနှင်းပို့သ သတင်းစာလှတွင်
ခယ , ပျော်ပါ လွမ်းတစ်ရာနှင့်
မကြာမကြာ ရောက်ရပါသည်
ရှည်ကြာစာရေး စာမူ , ပေးရင်း
လွမ်းချင်းတစ်ရာ ပန်းခင်းတစ်ရာ
သာပါစေသား တည်စေသား ဟု ။ ။

**(၂၇)နှစ်မြောက် မန္တလေးနေ့စဉ်သတင်းစာ နှစ်ပတ်လည်နေ့အား အမှတ်တရ ဂုဏ်ပြုအပ်သည်။**

ရွှေချမ်း(မန်း)

**ပလင်ါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့ ။**

## သတင်းပဒေသာ

### နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ကျောင်းသား၊ ကျောင်းသူများ၊ ဘုရားဖူးပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ မာကာဟိုခမ်းရပ်ကွက်ရှိ ရွှေတိဂုံဘုရားလမ်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို၊ မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မီးခိုးမြူငွေ့ကင်းစင်ရေး အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၁ နာရီက အိုက်ငို့ကျေးရွာအုပ်စု၊ ဟာကြားဟုန်ကျေးရွာခန်းမ၌ မီးခိုးမြူငွေ့ကင်းစင်ရေး၊ တောင်ယာ၊ တောမီးရှို့ခြင်းများ မပြုလုပ်စေရေး အသိပညာပေးဆွေးနွေးပွဲကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက ဒေသခံတောင်သူများအနေဖြင့် ဒေသတွင်း မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က ကျွဲ၊ နွား တိရစ္ဆာန်များ စည်းကမ်းမဲ့လွှတ်ကျောင်းမှု မရှိစေရေး၊ ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူနိုင်သည့်အချက်များ၊ ခြံလှောင်မွေးမြူခြင်းဖြင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ လျော့နည်းနိုင်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြန်မာ့သိုင်းအခြေခံသင်တန်း ဖွင့်လှစ်သင်ကြား

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် မြန်မာ့သိုင်းအခြေခံသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက်ရှိ မြို့မအခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့ဦးအခြေခံပညာအထက်တန်းကျောင်းခွဲတို့တွင် စတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ကွင်းဆင်းစစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော သပြေကုန်းအုပ်စု၊ သပြေကုန်းကျေးရွာနှင့် စက်စက်ယိုစိုက်ကွင်းသို့ ဆက်သွယ်သည့်လမ်းပေါ်ရှိ ပေ(၆၀×၂၀) သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ရွှေဥဒေါင်းကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် ဆောက်လုပ်ခဲ့သည့် စာကြည့်တိုက်အဆောက်အအုံသစ်ကို ဆောက်လုပ်ခဲ့ရာ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းအထိ ၅၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန် အလှူငွေများနှင့် ချိတ်ဆွဲရန် ရတနာပစ္စည်းများ လာရောက်လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေး၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန်နှင့် ချိတ်ဆွဲရန် ရတနာပစ္စည်းများ၊ ရွှေထည်များ လာရောက်လှူဒါန်းလျက်ရှိသည်။ ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့နေ ဦးဝင်းမြင့်+ဒေါ်စိန်စိန်မိသားစုက မဟာမုနိဘုရားကြီးတွင် ချိတ်ဆွဲရန် အလေးချိန်(၅)ပဲ(၆)ရွေးရှိ ကျောက်စိမ်းတစ်ပွင့်၊ ကျောက်ဖြူ ၇ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံနေ Mr.KRILAT, SRINON မိသားစုက အလေးချိန်(၅)ပဲ(၃)ရွေးရှိ ရွှေပြားဝိုင်းသုံးခုကိုလည်းကောင်း၊ မဟာမုနိဘုရားကြီးအား ရွှေချရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အမရပူရမြို့နေ ကွယ်လွန်သူ ဒေါ်မြင့်မြင့်အား ရည်စူး၍ သား၊ သမီးတစ်စုမှ ငွေကျပ် သိန်း ၅၀ကိုလည်းကောင်း၊ မဟာမုနိဘုရား မိုးကောင်းမွှာရုံတွင်လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



မဟာမုနိဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZBank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁ နှင့် UAB ဘဏ် ငွေစာရင်းအမှတ် ၀၁၇၃၃၀၁၀၀၀၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂ ၁၀၀၀၀၀၇၅၀ နှင့် ဖုန်း ၀၉-၄၄၄ ၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (အပေါ်ပုံ)

(ကဆ)

၀-၀-၀-၀-၀-၀



## သံဃာ့ဟိတပါလ ဘုံဆွမ်းလောင်းအသင်းက ရဟန်းသာမဏေနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၂၀၀၀ကျော် ဘုံဆွမ်းလောင်း

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၆လမ်းနှင့် ၇၇လမ်းကြားရှိ သံဃာ့ဟိတပါလ ဘုံဆွမ်းလောင်းအသင်းသည် ဒီဇင်ဘာ ၃ရက် နံနက် ၄နာရီက (၁၂၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းခဲ့သည်။

ဘုံဆွမ်းလောင်းရာတွင် လာရောက်ဆွမ်းခံကြွသော ရဟန်းသာမဏေအပါး (၈၀၀)ကျော်နှင့် မန္တလေးတောင်ခြေအနီး အခြေပြုသော သီလရှင်အပါး ၁၂၀၀ ကျော် စုစုပေါင်း ရဟန်းသာမဏေနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၂၀၀၀ကျော်ကို ဝက်အူချောင်းကြော်၊ ငါးခြောက်ငရုတ်သီးကြော်၊ သီးစုံပဲကုလားဟင်း၊ ပင်မှည့်အချိုရည်ဘူးများ လှူဒါန်းပေးခဲ့သည်။ (အောက်ပုံ)

ရဟန်းသာမဏေနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများ ဆွမ်းအခက်အခဲမရှိစေရန် မျှော်မှန်းကာ ပြည်တွင်း၊ ပြည်ပကုသိုလ်ရှင်များက တစ်ရက်လျှင် ငွေကျပ် ၁၀၀၊ တစ်လလျှင် ငွေကျပ် ၃၀၀၀ပါဝင်လှူဒါန်းမှုများကြောင့် သံဃာ့ဟိတပါလ ဘုံဆွမ်းလောင်းအသင်းဖုန်း ၀၉-၇၉၇၂ ၉၇၀၆၈က လစဉ်အင်္ဂလိပ် (၃) ရက်တိုင်း ဘုံဆွမ်းလောင်းလျက်ရှိပြီး ယခုအခါ နှစ်ပေါင်း ၁၃နှစ်ပြည့်တော့မည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ခ(မန္တလေး)**



## (၃၈)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်းအောင်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**ပင်းတယ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ ရွာငယ်ရပ်ကွက် ရွာငယ်ကျောင်းသစ်ကျောင်းတော်ကြီး၌ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ၇ ရက်တိုင်တိုင် ဆရာတော်၊ သံဃာတော် ၂၄ ပါးတို့က အသံမစဲရွတ်ဖတ်ပူဇော်ခဲ့သော (၃၈)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်းအောင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

မဟာရန်အောင်ကျောင်းဆရာတော်ထံကန်တော့၍ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချပေး၍လည်းကောင်း၊ ရွာငယ်ရပ်ကွက် ရတနာသီရိအမျိုးသမီးဓမ္မစကြာအဖွဲ့ ဒါယိကာမများတို့က အဘိဓမ္မာ(၇)ကျမ်းအောင်ပွဲမေတ္တာသံဖြင့် ပူဇော်ခြင်းနှင့် ဝန္ဒနာသံဆန်းကဗျာဖြင့် နောင်နှစ်မှာလည်း ပြန်ဆုံကြပါစို့ဟူသော ရှစ်ဆယ်ပေါ် တေးထပ်ကဗျာဖြင့် ရွတ်ဖတ်ပူဇော်ခြင်းတို့ကိုလည်းကောင်း၊ တရားပွဲတော်ကျင်းပသည့် ရွာငယ်ကျောင်းသစ်ကျောင်းထိုင်မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ အရှင်စန္ဒောဘာသက နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပလာသော အဘိဓမ္မာ(၇)ကျမ်းရွတ်ဖတ်ပူဇော်ပွဲကြီးဖြစ်သည့် ယခု (၃၈)ကြိမ်မြောက် ရွတ်ဖတ်ပူဇော်အောင်မြင်မှု၏ ထူးခြားမှုဖြစ်သော ရပ်နီးရပ်ဝေး လာရောက်လှူဒါန်းကြသဖြင့် သာဓုခေါ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(၃၃၈)

## စာဆိုတော်နေ့အထိမ်းအမှတ် ကျောင်းစာကြည့်တိုက်သို့ ယဉ်ကျေးလိမ္မာနှင့် သုတရသစာအုပ်များ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၄**

၁၃၈၆ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့်စာဖတ်ရိုက်နှုန်းမြှင့်တင်ရေး ပံ့ပိုးမှုအစီအစဉ်အရ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းရှိစာကြည့်တိုက်သို့ ယဉ်ကျေးလိမ္မာနှင့်သုတရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းစာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဖေ၊ အလှူရှင် ချမ်းမြသာစည်မြို့နယ် ၇၈ လမ်းနှင့် ရတနာပူရပြတိုက်လမ်းနေ ဦးကျော်စွာဝင်း(ဓမ္မသံတော်ဆင့်စာပေတိုက်)နှင့် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်မှ ၁၃၈၆ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရိုက်နှုန်းမြှင့်တင်ရေး ပံ့ပိုးကူညီမှုအဖြစ် ယဉ်ကျေးလိမ္မာနှင့် သုတရသစာအုပ်များလှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းစာကြည့်တိုက်တာဝန်ခံထံ စာအုပ်များလှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)(၀၄၅)

# စာဆိုဂုဏ်ရည်

**(ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းမှ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲပထမဆုရဆောင်းပါး)**

၁၃၈၆ခုနှစ် နတ်တော်လဆန်း ၁ ရက်သည် မြန်မာနိုင်ငံ စာဆိုတော်နေ့ဖြစ်သည်။ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် စာဆိုတော်များ ရေးဖွဲ့သီကုံးခဲ့ကြသော စာပေ၏ အနှစ်သာရများကို ပြန်လည်ဖော်ကျူး ဂုဏ်ပြုလျက်ရှိသော နေ့ထူးနေ့မြတ်တစ်ရက် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စာဆိုတော်များကို အလေးအမြတ်ပြု၍ စာဆိုသဘင်၊ စာဆိုဆုနှင်း၊ စာဆိုတော်ပူဇော် ဂုဏ်ပြုချီးမြှင့်ခြင်း စသည်ဖြင့် စာပေနှင့်ပတ်သက်၍ ပြုလုပ်ကြသဖြင့် စာဆိုဂုဏ်ရည် ထူးကဲထွန်းပြောင်သောနေ့ ဖြစ်သည်။

စာပေသည် လူမျိုး၏အသက် ဖြစ်သည်။ စာပေပျောက်လျှင် လူမျိုးလည်း ပျောက်ကွယ်သွားတတ်သည်။ ရေမြင့်လျှင် ကြာတင့်ဆိုသလို စာပေမြင့်လျှင် လူမျိုးလည်း တင့်တယ်နိုင်သည်။ စာပေသည် နိုင်ငံနှင့်လူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းပြဆိုသော စံပြအညွှန်းလည်း ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် စာပေပျောက်၍ လူမျိုးပါ ပျောက်ကွယ်ခဲ့ရသော သာဓကတစ်ရပ် ရှိခဲ့ဖူးပါသည်။ မြန်မာ့သမိုင်း၏ စောစောပိုင်းကာလများတွင် ပျူခေတ်၊ပျူလူမျိုးဟူ၍ ထင်ထင်ရှားရှား တည်ရှိခဲ့ပါသည်။ သို့သော် ယခုအခါ ပျူယဉ်ကျေးမှု အနုပညာလက်ရာ ပစ္စည်းအချို့နှင့် ပျူခေတ်ဟူသည့် ဝေါဟာရသာ ကျန်ရှိတော့သည်။ ပျူနိုင်ငံ ပျောက်သကဲ့သို့ ပျူလူမျိုးလည်း ပျောက်ကွယ်ခဲ့လေသည်။

ပျူလူမျိုးပျောက်ကွယ်ရခြင်းမှာ ပျူစာပေ ပျောက်ခဲ့၍ ဖြစ်သလို ပျူစာပေပျောက်ကွယ်ခြင်းမှာ ပျူစာပေကို ထိန်းသိမ်းစောင့်ရှောက်မှု၊ လက်ဆင့်ဖြန့်ဝေမှု အားနည်းခဲ့ခြင်းကြောင့် ဖြစ်သည်။

မြန်မာစာပေသည် မြင့်မားထည်ဝါသည့် စာပေအရည်အသွေးနှင့် နှစ်ပေါင်းထောင်ချီ၍ ဖြစ်ထွန်းစည်ပင်လာခဲ့သည်။ ဓမ္မရေး၊ ရာဇရေး၊ လောကရေးနှင့် ယဉ်ကျေးမှုရေးရာအဖြာဖြာတွင် ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ ပျို့၊ လင်္ကာ၊ စကားပြေစသည့် ထွေပြားနက်ရှိုင်းကျယ်ဝန်းလှသော အဖွဲ့အနွဲ့မျိုးစုံဖြင့် သီကုံးရေးဖွဲ့ခဲ့ကြသည်။

သို့ဖြစ်သည့်အတွက်လည်း မြန်မာစာပေကို ခေတ်အဆက်ဆက် ထိန်းသိမ်းမြှင့်တင်လာခဲ့ကြရာ မြန်မာစာပေသည် ယနေ့ထက်တိုင် အဆင့်အတန်းမြင့်မားစွာရှိနေပါသည်။ သို့သော် ယနေ့အချိန်အခါတွင်မူ ခေတ်၏ပြောင်းလဲမှု ရေစီးကြောင်းများကြောင့် မြန်မာ့စာပေယဉ်ကျေးမှုသည် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအကြား လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပါသည်။

စာပေဆိုသည်မှာ စာပေသုခမအရာရောက်စေရန် (သို့မဟုတ်) အနုပညာသက်ဝင်စေရန် ဖွဲ့စည်းစီရင်ထားခြင်းဟု ဆိုပါသည်။ အချို့ဘာသာစကားများတွင် ရှေးအခါက 'စာ'ဟူ၍ မပေါ်ပေါက်သေးမီကပင် သီချင်းများ၊ ကဗျာလင်္ကာများကို ဖွဲ့နွဲ့သီကုံးက စပ်ဆိုမှုပြုခဲ့ကြသည်။ စာပေနှင့်ပတ်သက်၍ လူများသည် စာရေးတတ်မှ စာပေပေါ်သည်ဟု ထင်မြင်ကြသည်။ သို့သော် ရေးတတ်စရေးသည့် အကြောင်းအရာသည် မရေးတတ်ခင်ကဘဲရှိပါသည်။ စာပေသည် စာအရေးအသားမပေါ်ခင် စတင်သည်ဟု ပညာရှင်များက အယူရှိပါသည်။

စာပေသည် လူ့အဖွဲ့အစည်းတွင် အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပါသည်။ လူတို့၏ အတွေးအခေါ်၊ အယူအဆများသည် စာပေတို့တွင် အခြေပြုပေါက်ပွားလာကြသည်။ ထို့အတူ စာဖတ်သူများ၏ နယ်ပယ်ချဲ့ထွင်မှုကို စာပေက ကူညီပံ့ပိုးနိုင်သည်။ စာပေမျိုးစုံကို ဖတ်ရှုလေ့လာခြင်းဖြင့် ကမ္ဘာအနှံ့ရှိ ဒေသများ၊ လူမျိုးများ၊ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများနှင့် သမိုင်းကြောင်းများကို နှိုင်းယှဉ်သိရှိနိုင်ပါသည်။ မတူကွဲပြားသော စာပေများသည် စာဖတ်သူများ၏ အတွေးအမြင်ကို ဖွင့်ပေးနိုင်သည်။

ထို့ပြင် ခေတ်အဆက်ဆက်မှ စာပေများသည် အတိတ်(သို့မဟုတ်)ပစ္စုပ္ပန်၏ သမိုင်းကြောင်းများကို ချိတ်ဆက်ရာတွင် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဥပမာ-အင်းဝခေတ် ကဗျာလင်္ကာများကို လေ့လာခြင်းဖြင့် ယင်းခေတ်၏ လူနေမှုဓလေ့များ၊ ယဉ်ကျေးမှုနှင့် အတွေးအခေါ်တို့ကို သိရှိရသဖြင့် ယနေ့ခေတ်အခြေအနေများနှင့် နှိုင်းယှဉ်သိရှိနိုင်မည်ဖြစ်သည်။ စာပေသည် သုတများပေးနိုင်ရုံသာမက ရသများလည်းပေးနိုင်ပါသည်။ စာပေသည် လူတစ်ဦးတစ်ယောက်ချင်းအတွက်သာမက လူ့အဖွဲ့အစည်းအတွက်ပါ များစွာ အရေးပါပါသည်။

စာပေသည် လူ့အဖွဲ့အစည်းတွင် အရေးပါသကဲ့သို့ စာဆိုတော်များသည်လည်း အရေးပါသော အခန်းကဏ္ဍတစ်ခုတွင် ပါဝင်နေပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် မြန်မာဘုရင်များ လက်ထက်ကတည်းက စာရေးသားဖွဲ့ဆိုကြသည့် 'စာဆိုတော်'ဟူသော မင်းချီးမြှောက်ခြင်းခံရသည့် ရဟန်းရှင်လူ ပုဂ္ဂိုလ်များစွာ ရှိခဲ့ကြသည်။

ပြည်သူများက စာဆိုပညာရှင်များ၏ စာပေအဆုံးအမညွှန်းပြမှုကို လေးစားမှတ်ယူလိုက်နာကျင့်သုံးခဲ့ကြသည့်အပြင် ရှေးဘုရင်မင်းများကလည်း စာဆိုပညာရှင်များကို ချီးမြှင့်မြှောက်စားခဲ့ကြသဖြင့် မင်း၊ ပြည်သူနှင့် စာဆိုပညာရှင်များ တစ်သားတည်းပေါင်းစည်းပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလှသည့် မြန်မာ့လူ့ဘောင်ကို ထည်ဝါခံ့ညားစွာ ထူထောင်နိုင်ခဲ့ကြသည်။

ရှေးယခင်က စာဆိုတော်ခေါ် စာရေးဆရာများသည် စာပေကျမ်းဂန်ပြုစုသူနှင့် ဘုန်းတော်ဘွဲ့လင်္ကာကဗျာ တေးသီချင်းရေးသားကြသူတို့ကသာများသည်။ ကိုလိုနီခေတ်(လွတ်လပ်ရေးကြိုးပမ်းမှုခေတ်)သို့ ရောက်လာသောအခါ စကားပြေရေးသူ ပုဂ္ဂိုလ်များလာပြီး ရေးဖွဲ့သည့်အကြောင်းအရာများလည်း ယခင်နှင့်မတူ ခြားနားလာခဲ့သည်။ ကမ္ဘာနှင့် ကူးလူးဆက်ဆံမှုလည်းတိုးများ၍ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများလည်း ထွေပြားလာသည်။

ထို့ကြောင့် ရေးဖွဲ့သောအကြောင်းအရာများမှာ ရှေးကနှင့်မတူခြင်း ဖြစ်သည်။ ဝတ္ထုရေးသူ၊ ကဗျာဖွဲ့သူ၊ ဆောင်းပါးရေးသူ၊ ကျမ်းပြုစုသူ စသည့်ဖြင့် စာရေးဆရာအမျိုးအစား ပိုမိုစုံလင်လာသည်။

နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည် စာပေမြင့်မားလာစေရန် ဦးဆောင်ပေးသည့် စာဆိုတော်များသည် ယခုခေတ်မျှသာ ရှိကြသည်မဟုတ်။ ရှေးယခင်ကပင် စာဆိုတော်များရှိခဲ့ကြသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ထင်ရှားခဲ့သည့် စာဆိုတော်ကြီးများစွာ ရှိပါသည်။

ပုဂံခေတ်စာပေသည် မြန်မာစာအရေးအသား ထွန်းကားစကာလ စာပေဖြစ်သည်။ကျောက်ထက် အက္ခရာ တင်ထားသောကြောင့် ပုဂံကျောက်စာခေတ်ဟုလည်း ခေါ်ဆိုနိုင်သည်။ ထိုအချိန်တွင် ဟိန္ဒူ၊ ပျူ၊ မွန်စသော ယဉ်ကျေးမှုတို့နှင့် ကူးလူးဆက်ဆံ၍ ဗုဒ္ဓသာသနာလည်း ထွန်းကားစအချိန်ဖြစ်သည်။ ထို့ကြောင့် ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးတို့ကို တည်ဆောက်လှူဒါန်းခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားသည်မှာ များပြားလှသည်။ ကုသိုလ်ကောင်းမှုပြုပြီးသည့်အခါ လှူသောပစ္စည်းများအကြောင်းဖော်ပြ၍ အမျှဝေခြင်း၊ ဆုတောင်းခြင်း၊ ဖျက်ဆီးသူတို့ကို ကျိန်စာတိုက်ခြင်းအကြောင်းအရာတို့ကို ကျောက်ထက်အက္ခရာတင်ခဲ့ကြသည်။ ပုဂံခေတ်တွင် ထင်ရှားခဲ့သည့် မြန်မာစာဆိုတော်ကြီးများမှာ မျက်ဖြေလက်ဖြင့် ရေးစပ်ခဲ့သော အနန္တသူရိယအမတ်ကြီး၊ ဦးကျည်ပွေ့ဟု ထင်ရှားကျော်စောသည့် ရှင်ဒိသာပါမောက္ခ(သျှင်ဒိသာပါမောက်)၊ သံပျင်အမတ်နှင့် ကျစွာမင်းကြီးတို့ ဖြစ်သည်။

ပင်းယခေတ်စာပေအဆင့်အတန်းသည် တိုးတက်လာကြောင်းကို ဆန်းသစ်သည့် ဖွဲ့စပ်နည်းများက ညွှန်ပြနေပေသည်။ ပုဂံခေတ်တွင် မတွေ့ခဲ့ရသော တျာချင်းများ၊ လာချင်းများနှင့် ရတုများသည် ပင်းယခေတ်တွင်ပေါ်ထွန်းလာသည်။ ပင်းယခေတ်တွင် စတုရင်္ဂဗလအမတ်ကြီး၊ ငါးစီးရှင်ကျော်စွာနှင့် ဆူးတွင်းပစ်ဆရာတော်တို့ထင်ရှားခဲ့ကြသည်။

အင်းဝခေတ်မြန်မာစာပေလောကတွင်မူ ရဟန်းပညာရှိ၊ လူပညာရှိများပါဝင်သော စာဆိုပညာရှင်များသည် ပျို့၊ လင်္ကာ၊ ဧချင်း၊ မော်ကွန်း၊ ရတု၊ မေတ္တာစာတို့ကို ပြုစုပျိုးထောင်ခဲ့ကြသည်။ အင်းဝခေတ်တွင် စကြာသုမြတ်၊လေးဖင်းမင်းသမီးရှင်မဟာရဋ္ဌသာရ၊ အရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်ထွေးညို၊ရှင်ထွေးနာသိမ်၊ ရှင်အဂ္ဂသမာဓိ၊ ရှင်တေဇောသာရ၊ အဒွမင်းညို၊ ရှင်သူရဲနှင့် ကန်တော်မင်းကျောင်း ဆရာတော်စသည့် စာဆိုအကျော်အမော်များ ပေါ်ထွန်းခဲ့သည်။

တောင်ငူခေတ်စာပေနှင့်ပတ်သက်၍ မြန်မာစာပါမောက္ခ ဦးဖေမောင်တင်(၁၉၄၈)က တောင်ငူခေတ်တစ်ခုလုံးကို ခြုံ၍ကြည့်မည်ဆိုသော် ရတုနှင့်ချောင်းထွန်းကားသော ခေတ်ဖြစ်သည်။ ဤခေတ်တွင် ပျို့များသည် ကွယ်ပျောက်လုမတတ် ရှိတော့သည်။ အဘယ်ကြောင့်ဟူမူ ဤခေတ်ကားစစ်မက်ရေးရာများသော ခေတ်ဖြစ်၍ ဘုရင်မင်းမြတ်တို့ကိုယ်တိုင်လည်း စစ်မက်ရေးရာတွင် ဝါသနာပါကြသည်။ စစ်မက်တွင်လုံးပမ်းနေရသောကြောင့် စစ်မက်ရေးနှင့် ပတ်သက်သော ဇာတိမာန်တက်ကြွစေမည့် ချောင်းများ အများအပြား ပေါ်လာကြသည်။ တောင်ငူခေတ်တွင် ထင်ရှားသော စာဆိုတော်များမှာ လှော်ကား သုံးထောင်မှူး၊ မိဖြူမိညို၊ ဗညားဒလ၊ ဥက္ကာပျံ၊ မဟာပညာကျော်နှင့် ပြည်နဝဒေးကြီးတို့ ဖြစ်ကြသည်။

ညောင်ရမ်းခေတ်စာပေလောကကား အခက်အခဲပေါင်းစုံကြားမှ စာပေအညွန့်အညှောက်ကလေး ရှန်းကန်တိုးထွက်လာရသည်နှင့် တူလေသည်။ ညောင်ရမ်းခေတ်တွင် စကားပြေထွန်းကား၍ အင်းဝခေတ်ကဲ့သို့ ရဟန်းစာဆိုပုဂ္ဂိုလ်များ ပြန်လည်ထွန်းကားလာသည်ကို တွေ့ရသည်။ ညောင်ရမ်းခေတ်တွင် ရဝေရှင်ထွေး၊ တောင်တွင်းရှင်ငြိမ်းမယ်၊ နတ်ရှင်နောင်၊ မင်းဇေယျရန္တမိတ်၊ ရာဇာဓိတုကလျာ၊ တောင်ဖီလာဆရာတော်၊ ရှင်ကရဝိက၊ ရှင်သံကိုယ် (ရှင်သံခို)၊ ဆီသည်ရွာစား ဦးအောင်ကြီး၊ ဝန်ကြီး ပဒေသရာဇာနှင့် ဦးကုလားစသည့် စာဆိုတော်များ ထွန်းကားခဲ့သည်။

ကုန်းဘောင်ခေတ်ပထမပိုင်း မြန်မာစာပေတွင် လူပုဂ္ဂိုလ်စာဆိုများ ထင်ရှားခဲ့သည်။ စိန္တကျော်သူ ဦးဩသည် ကဝိလက္ခဏာ သတ်ပုံကျမ်းသစ်ကို စီရင်ခဲ့ရာ ကုန်းဘောင်ခေတ်တွင် မီးရှူးတန်ဆောင်သဖွယ်ဖြစ်သည်။ ထို့အတူ ကုန်းဘောင်ခေတ် ဒုတိယပိုင်း မြန်မာစာပေနှင့်ပတ်သက်၍ မူပျို့၊ ရတုနှင့်တကွ ဗေဒင်၊ ဆေးကျမ်း၊ ဘွဲ့ကြီး၊ ပတ်ပျိုး၊ ယိုးဒယား၊ ပြဇာတ်၊ တရားစာ စသည်တို့ဖြင့် ရောပြွမ်းထွန်းကားသောခေတ်ဖြစ်၍ စာပေအသီးအပွင့်တို့ ဖွင့်ဖွင့်ကြွားကြွား ထင်ရှားစွာ သီးပွင့်ကြသော စာပေပဒေသာခေတ်ကြီးဟု ခေါ်ဆိုနိုင်ပေသည်။

ကုန်းဘောင်ခေတ်ပထမပိုင်းနှင့် ဒုတိယပိုင်းတွင် ထင်ရှားသည့် မြန်မာစာဆိုတော်ကြီးများမှ စိန္တကျော်သူ ဦးဩ၊ လက်ဝဲသုန္ဒရ၊ လက်ဝဲနော်ရထာ၊ ဦးယာ၊ ရွှေဥမင်ဆရာတော်၊ ကျည်းကန်ရှင်ကြီး၊ ရွှေတိုက်စိုး ဦးတိုး၊ ဦးဖျော်၊ ရွှေတောင်နန္ဒသူ၊ မယ်ခွေး၊ မဟာအတုလမင်းကြီး၊ ဝက်မစွတ်မြို့စား နဝဒေး၊ ဦးဩဘာသ၊ ဦးပေါ်ဦး၊ မုံရွေးဆရာတော်၊ ဖိုးသူတော်ဦးမင်း၊ လှူဦးမင်း၊ မြဝတီမင်းကြီး ဦးစ၊ ပြင်စည်မင်းသားကြီး၊ ကိုးသဲလေးထပ်ဆရာတော်၊ တောင်သမန်လယ်စား မောင်ဖေငယ်၊ နန်းမတော်မမြလေး၊ ဆရာတော် ဦးဗုဓ်၊ စလေဦးပုည၊ ဦးကြော့၊ လှိုင်ထိပ်ခေါင်တင်၊ မန်လည်ဆရာတော်၊ တွင်းသင်းမင်းကြီး မဟာစည်သူ၊ ဦးအောင်ဖြိုး၊ ဦးဩ၊ ဦးယာ၊ ဦးတိုး၊ ဦးမြိုင်၊ လှေသင်းအတွင်းဝန် ဦးချိန်၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ဆတိုင်မှူတ် ဦးကူး၊ ဝန်စာရေးဦးကြီး၊ လယ်တီဆရာတော်၊ ဘိုးဇော်၊ ဦးရွှန်း၊ ယောမင်းကြီး ဦးဖိုးလှိုင်နှင့် မက္ခရာမင်းသားကြီးစသူတို့ ဖြစ်ကြသည်။

ထို့ကြောင့် ခေတ်အဆက်ဆက်စာဆိုတော်ကြီးများ၏ စာပေလက်ရာများသည် ထိုခေတ်တွင်သာမက ကျွန်ုပ်တို့ခေတ်၊ နောင်ခေတ်အဆက်ဆက်အတွက် ဖတ်ရှုလေ့လာရန် အမြဲအဖိုးတန် အကျိုးရှိနေမည့် အမွေအနှစ်များဖြစ်သည်။ စာဆိုတော်တို့၏ ကလောင်သွားများသည် မြန်မာနိုင်ငံသမိုင်းတွင် ယဉ်ကျေးမှုအနုပညာ၊ ကိုယ်ကျင့်တရား၊ အသက်မွေးဝမ်းကျောင်းပညာ၊ သုတရသအသိ လိမ္မာတို့သာမက နိုင်ငံလွတ်လပ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ တိုင်းပြည်ထူထောင်ရေးစသော မြန်မာ့သမိုင်းဝင် ကြီးမားသော စွမ်းအားအထောက်အကူ ဖြစ်ခဲ့ပါသည်။

စာဆိုတော်များသည် ဘဝရှင်သန်ရေး၊ ဘဝအောင်မြင်ရေး၊ အသိသတိကောင်းမွန်ရေး၊ လောကခံကို ကြံ့ကြံ့ခံနိုင်ရေးတို့အတွက် စာကောင်းပေမွန်များကို ရေးသားပြုစု၍ လောကကောင်းကျိုးပြုခဲ့ကြသည်။ ပို၍ထူးခြားသည်မှာ တိုင်းချစ်ပြည်ချစ်စိတ်ရှိရန် ဇာတိသွေး ဇာတိမာန်တက်ကြွလာရန် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုတို့ကို တန်ဖိုးထား ချစ်မြတ်နိုးလာနိုင်စေရန် ဂန္ထဝင်စာပေများ၊သမိုင်းဝင်စာပေများ၊ရာဇဝင်စာပေများ၊ ဗုဒ္ဓဝင်စာပေများ ရေးသားပြုစုခဲ့ကြသည်။ စာဆိုတော်တို့၏ ကလောင်အစွမ်းသည် နိုင်ငံအတွက် လောကအတွက် စာပေတာဝန်များကို ကျေပွန်ခဲ့ကြသည်။

**(ဆက်လက်ဖော်ပြပါမည်)**

ကျော့ကေခိုင်

# မြေဆီလွှာ၏ အရေးပါမှုနှင့် ကမ္ဘာ့မြေဆီလွှာနေ့ (World Soil Day)

ဒီဇင်ဘာ ၅ ရက်ကို နှစ်စဉ် ကမ္ဘာ့မြေဆီလွှာနေ့ (World Soil Day)အဖြစ် ကျင်းပနေကြပြီး မြေဆီလွှာ၏ အရေးပါမှုကို အသိပညာပေးရန်၊ ထိန်းသိမ်းရေးနှင့် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများအတွက် သတိပေးရန် ရည်ရွယ်ထားပါတယ်။ ၂၀၁၃ ခုနှစ်မှ စတင်ခဲ့ပြီး နိုင်ငံတကာတွင် မြေဆီလွှာနှင့်ပတ်သက်သည့် အရေးပါတဲ့ ကိစ္စရပ်များကိုမျှဝေခြင်း၊ အရေးတကြီးဆောင်ရွက်ရန် တိုက်တွန်းခြင်းတို့အတွက် အထိမ်းအမှတ်ပြုလာခြင်း ဖြစ်ပါတယ်။

### မြေဆီလွှာ၏ အရေးပါမှု

မြေဆီလွှာဟာသက်ရှိအပင်များ၊ တိရစ္ဆာန်များနဲ့ လူသားတို့ဘဝအတွက် အခြေခံကျတဲ့ သယံဇာတတစ်ခု ဖြစ်ပါတယ်။ အစားအသောက်ထုတ်လုပ်မှုတွင် အဓိကအခန်းကဏ္ဍအဖြစ်ရှိပြီး သက်ရှိများ၏ အသက်မွေးဝမ်းကျောင်းအတွက် မရေမတွက်နိုင်လောက်အောင် အရေးပါပါတယ်။ သက်ရှိများအတွက် အာဟာရ၊ ရေသန့်စင်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းကျောင်းမှုများကို မြေဆီလွှာက ထောက်ပံ့ ပေးနိုင်ပါတယ်။

### မြန်မာနိုင်ငံအတွက် မြေဆီလွှာ၏ အရေးပါမှု

မြန်မာနိုင်ငံမှာ အဓိကစီးပွားရေးအထွေထွေစနစ်ဟာ စိုက်ပျိုးရေးပေါ်မှာ မူတည်နေပါတယ်။ တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်း၊ စိုက်ပျိုးထွက်ကုန်များနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအတွက် မြေဆီလွှာကအရေးကြီးတဲ့ အခန်းကဏ္ဍကို ထမ်းဆောင်ပေးနေတာ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုနှစ်များစွာတစ်လျှောက် သဘာဝပတ်ဝန်းကျင် ဖျက်ဆီးမှု၊ မြေပျက်စီးမှုနဲ့ တောအုပ်ထိန်းသိမ်းမှု၊ မလုံလောက်မှုများကြောင့် မြန်မာနိုင်ငံရဲ့မြေဆီလွှာအရည်အသွေးဟာ တဖြည်းဖြည်းပင် ကောင်းမွန်မှုနောက်ကျောဆွဲနေတယ်လို့ ဆိုရမည် ဖြစ်ပါတယ်။

### မြေဆီလွှာထိန်းသိမ်းရေးအရေးနှင့် လုပ်ဆောင်ရန်များ

မြေဆီလွှာထိန်းသိမ်းရေးအတွက် တောင်သူလယ်သမားများအနေနဲ့ စိုက်ပျိုးရေးနည်းပညာအသစ်များကို လေ့လာအသုံးပြုဖို့လိုအပ်ပါတယ်။ မြေကောင်း မြေမြှုပ်ပြုလုပ်ခြင်း၊ ရေစီးဆင်းမှုထိန်းသိမ်းခြင်း၊ သဘာဝဓာတုပစ္စည်းများ မှီခိုမှုကိုလျှော့ချခြင်းစတဲ့ နည်းလမ်းများကို ကျင့်သုံးဖို့ အရေးကြီးပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုပြုလုပ်ရမည်ဖြစ်ပြီး သဘာဝကျောက်မွှားများနှင့် သစ်တောများကို ထိန်းသိမ်းခြင်း၊ တောအုပ်ပြန်လည်စိုက်ပျိုးရေးများ လုပ်ဆောင်ရမည် ဖြစ်ပါတယ်။

### ထိန်းသိမ်းရန်တာဝန်ဆိုသည်မှာ

ထိန်းသိမ်းရန်ဆိုသည်မှာ စိုက်ပျိုးသူများအတွက်သာ တာဝန်ရှိသည်မဟုတ် ကမ္ဘာပေါ်တွင် နေထိုင်သော လူသားများအားလုံးအတွက်ပါ တာဝန်ရှိခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ မြေဆီလွှာထိန်းသိမ်းရန်အတွက် မိမိအိမ်၊ မိမိပတ်ဝန်းကျင်၊ မိမိကျောင်း၊ မိမိမြို့နယ်မှ အစပြုလို့ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက နောက်အနှစ်နှစ်ဆယ်ကြာရဲ့ မြန်မာ့မြေဆီလွှာဟာ ရွှေကြောရှိမြေဆီလွှာထက်ပင် အဖိုးတန်လာမှာဖြစ်ပါတယ်။

### ကမ္ဘာ့မြေဆီလွှာနေ့၏ တိုက်တွန်းချက်

'မြေမရှိတာနဲ့ လူသားတွေလည်း မတည်ရှိနိုင်' ဆိုတာ သက်သေထင်ရှားပါတယ်။ ကမ္ဘာ့မြေဆီလွှာနေ့ဟာ သဘာဝအပေါ် ပိုမိုတန်ဖိုးထားစေဖို့၊ ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများကို အားပေးလှုံ့ဆော်ဖို့ တိုက်တွန်းချက်တစ်ခုဖြစ်ပါတယ်။

မြေဆီလွှာထိန်းသိမ်းရေးဟာ နောက်လာမည့် မျိုးဆက်များအတွက် သဘာဝဓာတ်အားအရင်းအမြစ်များကို ထိန်းသိမ်းပေးဖို့တာဝန်ယူမှုတစ်ရပ်ဖြစ်သင့်ပါတယ်။

'မြေက စိုက်ပျိုးရေးရဲ့နိယာမ၊ လူသားဘဝရဲ့ အခြေခံပါ' ဆိုတဲ့ သဘောတရားနဲ့ပဲ ဒီဇင်ဘာ ၅ ရက်မှာ ကျရောက်တဲ့ ကမ္ဘာ့မြေဆီလွှာနေ့အတွက် အကျိုးပြုတိုက်တွန်းလိုက်ပါတယ်။




**မင်းခကောင်းကင်**



## လူထုအခြေပြုဗဟိုဌာန၌ (Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်း ကျင်းပ

**ကလေး ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီအချိန်က BookClub အဖွဲ့ဝင်များဖြင့် ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပခြင်းနှင့် ပတ်သက်၍ စာပေ၏အရေးပါပုံများကို ဟောပြောဆွေးနွေးခဲ့ကြသည်။ ထို့နောက် Book Club အဖွဲ့ဝင် ဦးမျိုးထွန်းက ဒေါက်တာခင်မောင်ညိုရေးသားသည့် လူငယ်နှင့်အကောင်းဆုံးဘဝကိုတည်ဆောက်ခြင်းစာအုပ်ပါ လူငယ်နှင့်အမှား၊ လူငယ်နှင့်အောင်မြင်ခြင်း၊ လူငယ်နှင့်တာဝန်သိမှု စသည့်ခေါင်းစဉ်များ ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှ ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ကလေးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ပြည်သူများအသိပညာဗဟုသုတများ ပိုမိုရရှိစေရန် အသိပညာပေးစာဖတ်ဝိုင်းများ၊ သင်တန်းများ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ (Talk Show) များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


## ကြက်ဟင်းခါးသီးနှံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိသဖြင့် မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေရ

**ကျောက်ဆည် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် နေ့စဉ်ဝင်ငွေရရှိရေး ဘူး၊ ဖရုံ၊ သခွား၊ ကြက်သွန်၊ ခဝဲ၊ ကြက်ဟင်းခါး၊ နံနံ၊ ဆလပ်၊ မုန်ညင်း စသည့်မီးဖိုချောင်သုံး အသီးအနှံများ စိုက်ပျိုးကြရာ ကြက်ဟင်းခါးသီးနှံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိသဖြင့် မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိပြီး စားဝတ်နေရေးအဆင်ပြေလျက်ရှိသည်။

ကြက်ဟင်းခါးသီးနှံစိုက်ပျိုးပါက သဘာဝမြေသြဇာဖြစ်သည့် နွားချေးများဖြင့် စိတ်တိုင်းကျမြေပြုပြင်ပြီး ၈ ပေခန့်အကွာ တိုင်များစိုက်ပြီး တိုင်အခြေတွင် မျိုးစေ့များ တိုက်ရိုက်စိုက်ပျိုးပြီး ၅ ပေအမြင့်ရှိစင်များပြုလုပ်ကာ စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး ၁၅ရက်အကြာ အပင်ပတ်လည်၌ အာမိမြေသြဇာ ဟင်းစားဇွန်းတစ်ဇွန်းခန့် ဖြူးပေးကာ ရေတင်ပေးပြီး ပင်စည်များအား တိုင်နှင့်ကြိုးချည် ပေးရကြောင်း၊ စိုက်ပျိုးပြီးရက်ပေါင်း ၃၀ခန့်တွင် အပွင့်များ စတင်ပွင့်လာကြပြီး ၄၅ရက်သားတွင် အသီးများ စတင်ခူးခွတ်ရောင်းချရသည်။


ဘို့တစ်ထောင်ကြက်ဟင်းခါးမျိုး ၀ ဒသမ ၅၀ ဧက စိုက်ပျိုးထားပါက ၃၊ ၄ ရက်တစ်ကြိမ် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ စတင်ခူးချိန်တွင် အချိန် ၂၅ပိဿာခန့်ခူးဆွတ်ရပြီး အသီးဖြိုင်ချိန်တွင် ပိဿာ ၁၄၀ခန့်အထိ ခူးဆွတ်ရကြောင်း ခူးဆွတ်ရောင်းချရသည့် သက်တမ်းမှာ အပင်အပြုအစုပေါ်မူတည်ပြီး ၅လ၊ ၆လခန့် ခူးဆွတ်ရောင်းချရကြောင်း ကြက်ဟင်းခါး စိုက်ပျိုးရောင်းချသည့် ရန်ပုံနှစ်ကျေးရွာမှ တောင်သူဦးမြင့်မောင်ကပြောပြီး စိုက်ပျိုးရာတွင်အသုံးပြုသည့် တိုင်နှင့်ဝါးများသည် အခင်းဖျက်သိမ်းပြီးပါက ပြန်လည်သိမ်းဆည်းထားပြီး (၄)ကြိမ်အထိ ပြန်လည်အသုံးပြုနိုင်၍ ကုန်ကျစရိတ်နည်းပါးပြီး မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ခြင်း၊ အကျိုးအမြတ်များခြင်းတို့ကြောင့် စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

(၄၈၅)

## ဘူးသီးဈေးကောင်းရရှိပြီး စိုက်ပျိုးလုပ်ကိုင်သူများ မိသားစုအပိုဝင်ငွေရရှိ



**ပခုက္ကူ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်းသီးနှံများစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြရာ ဘူးသီးနှံများ ဈေးကောင်းရရှိပြီး စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအနေဖြင့် မိသားစုအပိုဝင်ငွေရရှိသည်။

'ကျွန်တော်တို့ရွာမှာတော့ အများအားဖြင့် ဘူးသပိတ်နှင့် ဘူးလည်ရှည်များကို စိုက်ပျိုးလုပ်ကိုင်ကြတယ်။ စိုက်ပျိုးတဲ့အခါမှာလည်း ရေမဝပ်တဲ့မြေနေရာမှာစိုက်ပေါင်ဖော်၍ ရေသွင်းစနစ်နဲ့စိုက်ပျိုးရတာပါ။ နှစ်စဉ် ဩဂုတ်လနှင့် စက်တင်ဘာလတွေမှာ စိုက်ပျိုးလေ့ရှိပြီး စိုက်ပျိုးမှုကုန်ကျစရိတ်အနေနဲ့ တစ်ဧကကို မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ငွေကျပ် ၁၅ သိန်းခန့်အထိရှိတယ်။ ဘူးသီးမှာ စိုက်ပျိုးပြီး ရက်ပေါင်း ၈၀-၉၀အကြာတွင် ခူးဆွတ်ရောင်းချလို့ရပြီ။ တစ်ဧကလျှင် ဘူးသီးအလုံးရေ အများဆုံး ငါးထောင်ခန့်အထိ ထွက်ရှိပြီး အလုံးအကြီးအသေး အရွယ်အစားအပေါ်မူတည်၍ ဘူးသီးတစ်လုံးကို ငွေကျပ် ၁၅၀၀ မှ ၂၅၀၀အထိ ဈေးနှုန်းကွာခြားတယ်။ လက်ရှိမှာတော့ ဘူးသီးကိုလက်လီရော၊ လက်ကားရော အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိပြီး မိသားစုအတွက်အကျိုးအမြတ်ကျန်ရှိတယ်။ ကျေးလက်နှင့်မြို့ပြ လူအတော်များများက ဘူးသီးကို အသီးအပြင် ဘူးအညွန့်များကိုပါ ဝယ်ယူစားသုံးကြတာကြောင့် လုပ်ငန်းအဆင်ပြေပြီး မိသားစုအပိုဝင်ငွေရရှိမယ့် ဘူးသီးနှံကို နှစ်စဉ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိတယ်'ဟု ပခုက္ကူမြို့နယ်၊ ကျွန်းဦးကျေးရွာနေ ဘူးသီးစိုက်တောင်သူတစ်ဦးက ပြောသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ဘောလုံးခုံ၊ လိပ်ကုန်း၊ ဘွက်ကုန်း၊ သဘော်ကုန်း၊ ညောင်လှ၊ သံပရာပင်ကုန်း၊ ကျွန်းဦးနှင့် ကျွန်းညိုကြီးကျေးရွာများတွင် ဘူးသီးနှံဧက ၄၀ခန့် စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါကျေးရွာများမှ ထွက်ရှိလာသည့်ဘူးသီးများကို ပခုက္ကူမြို့ပေါ်ရပ်ကွက်ဈေးများအပြင် မကွေးမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများအထိပါ တင်ပို့ရောင်းချရသောကြောင့် တောင်သူများအနေဖြင့် မိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၃၄၀)

# အလုပ်ရှင်၊ အလုပ်သမားအကြား အငြင်းပွားမှုဖြေရှင်းနိုင်ရန်အတွက် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းရန် လိုအပ်



**မန္တလေး ဒီဇင်ဘာ ၄**

အလုပ်ရှင်၊ အလုပ်သမားအကြား အငြင်းပွားမှုဖြေရှင်းနိုင်ရန်အတွက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းကော်မတီ(WCC) များ ဖွဲ့စည်းရန်လိုအပ်ကြောင်း အလုပ်သမားဝန်ကြီးဌာန၊အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနက သိရသည်။

အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်းပွားမှုများကို ပြေလည်စွာဖြေရှင်းနိုင်ရန်၊ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်လာစေရန် လုပ်ငန်းခွင်အတွင်း၌ အလုပ်ရှင်၊အလုပ်သမား ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်နိုင်ရန်အတွက် အလုပ်သမား ၃၀ ဦးနှင့် အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းရန်လိုအပ်သည်။

'စက်ရုံ၊ အလုပ်ရုံတွေ များပြားလာတာနဲ့အမျှ အလုပ်သမားရေးရာ အငြင်းပွားမှုတွေကလည်း မလွဲမသွေရှိနေမှာဖြစ်တယ်။ အဲဒီအတွက် စက်ရုံ၊ အလုပ်ရုံတွေမှာ ဖွဲ့စည်းထားတဲ့ အဖွဲ့တွေကို ဖွဲ့စည်းထားဖို့လိုတယ်။ ဒါမှ ညှိနှိုင်းဖျန်ဖြေရာမှာ ပိုမိုအဆင်ပြေလွယ်ကူမှာဖြစ်တယ်'ဟု အဆိုပါဌာနက တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများဖြစ်ပေါ်လာလျှင် ဖြေရှင်းရန်အတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့ထားကြောင်း၊ အဆိုပါ အဖွဲ့က ဖြေရှင်းရာတွင် ပြေလည်မှုမရရှိပါက ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီအဖွဲ့တို့ထံ ဖြေရှင်းပေးရန်တင်ပြနိုင်ကြောင်း၊ ၎င်းတို့မှ တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီမှာ နောက်ဆုံးအဆင့် တင်ပြနိုင်မည်ဖြစ်သော်လည်း ၎င်း၏ဆုံးဖြတ်ကို ကျေနပ်မှုမရှိပါက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုစာချွန်တော် လျှောက်ထားနိုင်မည်ဖြစ်သည်။

'အငြင်းပွားမှုတွေ ဖြစ်လာရင်တော့ မြို့နယ်အသီးသီးမှာ ဖွဲ့စည်းထားတဲ့ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံတွေကို တိုင်ကြားနိုင်တယ်။ တိုင်ကြားလာတာတွေကို ပြေငြိမ်စေဖို့အတွက် ဥပဒေပါ သတ်မှတ်ချက်တွေနဲ့အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်တယ်' ဟု အဆိုပါ ဌာနက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ အလုပ်ရှင်၊ အလုပ်သမားအကြား ပြဿနာများကို ဖြေရှင်းပေးခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိပြီး လုပ်ငန်းခွင်သာယာမှုရရှိနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သာယာမှုရရှိမှသာ အငြင်းပွားမှုလျော့နည်းပြီး နိုင်ငံတော်အတွက် ကုန်ထုတ်စွမ်းအားများ တိုးမြှင့်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအားတိုးမြှင့်လာခြင်း၊အငြင်းပွားမှု လျော့နည်းလာခြင်းကြောင့် ပြည်တွင်း၊ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်းကြောင့် လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာပြီး အလုပ်လက်မဲ့နှုန်းများ လျော့နည်းစေမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး မိသားစုဝင်ငွေများရရှိလာခြင်းဖြင့် မိသားစုအပြင် နိုင်ငံတော်အတွက်လည်း စီးပွားရေးဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-ဧ)

*-*-*-*-*-*-*



# အလိုတော်ပြည့်ကျောင်းတိုက်ပတ်ဝန်းကျင်တွင် ခရိုင်၊မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ သန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း အလိုတော်ပြည့်စာသင်တိုက်ပတ်ဝန်းကျင်တို့တွင် ယမန်နေ့ နံနက် ၇ နာရီက ညောင်ဦးခရိုင်၊မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။

ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ခရိုင်စီမံအဖွဲ့ဝင်များနှင့် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ညောင်ဦးမြို့ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ အလိုတော်ပြည့်စာသင်တိုက်ပတ်ဝန်းကျင်၊ ရွှေစည်းခုံတောင်ဘက်စောင်းတန်းရှေ့ဟောင်းအုတ်ရိုးတန်းအနီးဝန်းကျင်၊ ရှစ်မျက်နှာဘုရားပတ်ဝန်းကျင်တို့ရှိ အမှိုက်သရိုက်များ၊ပေါင်းမြက်များ၊ကန္တာရပင်များနှင့်ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသား ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်များအား စည်ပင်သာယာရေးအမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄ဧ၁)



# ယခုနှစ် ဆောင်းမြေပဲ လျာထားချက်ထက် ဧက ၁၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်

**ကျွန်းလှ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ်ဆောင်းမြေပဲ လျာထားချက်ထက် ဧက ၁၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

'ဒီနှစ် ကျွန်းလှမြို့နယ်မှာ ဆောင်းမြေပဲစိုက်ပျိုးဖို့ ၁၃၈၉၆ ဧက လျာထားပြီး ၁၄၀၀၁ ဧက စိုက်ပျိုးနိုင်ခြင်းကြောင့် လျာထားချက်ထက် ၁၀၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ တောင်သူတွေ တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပြီး ယခုအခါ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေတယ်' ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျ အချိန်ကိုက် ရောစပ်သုံးစွဲရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ လက်ရှိအချိန်ထိ ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအဖြစ် မြေပဲ ၁၄၀၀၁ ဧက၊ နှမ်း ၁၄၀၃၆ ဧက၊ နေကြာ ၅၂၃ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်းစေ့ ၃၃၁ ဧက၊ စုစုပေါင်း ၃၄၂၀၈ ဧက (၉၈ ဒသမ ၁၂) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(အပေါ်ပုံ)

(၄ဧ၀)

အသက်သည်သွေး၊ သွေးသည်အသက်။

# ဓာတ်မြေသြဇာ ရန်ကုန်အထိုင်ရည်ညွှန်းဈေးများ အပြောင်းအလဲမရှိ တည်ငြိမ်နေ

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက သတ်မှတ် လိုက်သည့် ဓာတ်မြေသြဇာ ရည်ညွှန်းဈေးများအပြောင်းမရှိ တည်ငြိမ်နေကြောင်း ဖော်ပြထားသည့် ဈေးနှုန်းများအရ သိရသည်။

ကော်မတီအနေဖြင့် တောင်သူများအဓိကသုံးစွဲနေသည့် မြေသြဇာ အမျိုးအစား ၃ မျိုးကို ရည်ညွှန်းဈေး သတ်မှတ်ထုတ်ပြန်ပေးထားခြင်းဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အဆိုပါ ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချပေးရမည် ဖြစ်သည်။

ယူရီးယားမြေသြဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀၊ Rock Pho-sphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀ နှင့် Di Ammo-nium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ သတ်မှတ်ထားသည်။ **(အောက်ပုံ)**



ယခင်နိုဝင်ဘာလ ဈေးနှုန်းအတိုင်းဆက်လက်တည်ငြိမ်နေခြင်းဖြစ်ရာ ယူရီးယားမြေသြဇာ ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ဈေးနှုန်းတွင် ဆက်လက်ရှိနေပြီး ဒီဇင်ဘာလသည် ယူရီးယားမြေသြဇာ အသုံးပြုမှုနည်းပါးသည့် စိုက်ပျိုးရာသီဖြစ်သောကြောင်း ဈေးနှုန်းတည်ငြိမ်နေခြင်းဖြစ်သည်။

ယင်းဈေးနှုန်းများသည် ရန်ကုန်အထိုင်ဈေးနှုန်းများသာဖြစ်ပြီး သယ်ယူပို့ဆောင်စရိတ်အပေါ်မူတည်ပြီး ဒေသအလိုက် ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှုရှိနိုင်ကြောင်း မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းက အသိပေး ထုတ်ပြန်ထားသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းရန် လျာထားပြီး ၂၀၂၄ ဘဏ္ဍာနှစ်အစမှ ဇူလိုင် ၂၂ ရက်အထိ ဓာတ်မြေသြဇာ တန်ချိန် ၄ ဒသမ ၃၄ သိန်း တင်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။ **ရွှေမန်း**

○ ရှေ့ဖုံးမှ

မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးစေလွှတ်ရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္ဒိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံစဉ်။

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ အားကစားရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို

စာမျက်နှာ ၁၂ သို့ ❖

## နည်းပြ တန်ဟက်ဂ်အား လိုက်ပဇစ်အသင်း နည်းပြဖြစ်လာဖွယ်ရှိဟု သတင်းများ ထွက်ပေါ်

မြို့နစ် ဒီဇင်ဘာ ၅

မန်ချက်စတာယူနိုက်တက်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော နည်းပြ တန်ဟက်ဂ်သည် ဘွန်ဒက်လီဂါကလပ် လိုက်ပဇစ်အသင်းနည်းပြ ဖြစ်လာဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

လိုက်ပဇစ်အသင်းသည် ဘွန်ဒက်လီဂါပြိုင်ပွဲ နောက်ဆုံး ၄ ပွဲဆက် ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရသလို၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရာနှုန်းပြည့် ရှုံးပွဲဆက်နေခြင်းကြောင့် အသင်းလက်ရှိ နည်းပြ မာကိုရို့စ်အား ရာထူးမှ ထုတ်ပယ်ပြီး နည်းပြ တန်ဟက်ဂ်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန်လည်း ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိသည်။

အသက်(၅၄)နှစ် အရွယ်ရှိ နည်းပြ တန်ဟက်ဂ်သည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် အေဂျက်စ်၊ မန်ချက်စတာယူနိုက်တက်အသင်း အပါအဝင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြတစ်ဦးလည်း ဖြစ်သည်။

ထို့ကြောင့် နည်းပြ တန်ဟက်ဂ်အား လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း လိုက်ပဇစ်အသင်းနည်းပြသစ်အဖြစ် အမှန်တကယ်မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

